# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၇၁)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း ၁၃ ရက် ၊ ၂၈-၅-၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

# ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ

၃၁-၅-၂၀၂၆ ရက်နေ့ထိ)

"နိုင်ငံ့အနာဂတ်လှပဖို့ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံကြပါစို့"

- ❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအား ချင်းပြည်နယ် တီးတိန်မြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် မေ ၂၇

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ချင်းပြည်နယ်ရှိ ဖလမ်း၊ တီးတိန်နှင့် တွန်းဇံဒေသများကို အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အဆိုပါဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသည့် ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံ အစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် ဒေသခံ ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ကျန်းမာရေးသုံးပစ္စည်းများကို မေ ၂၅ ရက်တွင် နေပြည်တော်နှင့် မန္တလေးမြို့တို့မှ တပ်မတော် လေယာဉ်များဖြင့် ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေးမြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို မေ ၂၆ ရက်တွင် ကလေးမြို့မှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် ဖလမ်းမြို့သို့ ပို့ဆောင်ပေးခဲ့သည်။

ယနေ့တွင်လည်း ကလေးမြို့တွင် ရောက်ရှိနေပြီး တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ ပို့ဆောင်ရန်ကျန်ရှိသော နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ သွပ်၊ သံများနှင့် လူသုံးကုန်ပစ္စည်းများကို ကလေးမြို့မှတစ်ဆင့် တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ ညနေပိုင်းတွင် တီးတိန်မြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါမော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ တွန်းဇံမြို့သို့ ပို့ဆောင်ရန်ကျန်ရှိသည့် ကုန်ပစ္စည်းများကို ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏ လိုအပ်ချက်အပေါ် မူတည်ပြီး ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်






## ယနေ့ ဖတ်စရာ အညွှန်း


မျိုးရိုးဗီဇကွဲရှိသူအချို့ ဗီတာမင်ဒီသုံးစွဲလျှင် ဆီးချိုရောဂါဖြစ်ပွားမှု လျှော့ချပေးနိုင်ကြောင်းတွေ့ရှိ စာမျက်နှာ ၇

မက်ဆီ တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ် အနည်းငယ်အနားယူရဖွယ်ရှိ စာမျက်နှာ ၁၁

ကျန်းမာရေးအတွက် ဆေးနည်းများ(ဆောင်းပါး) စာမျက်နှာ ၁၄


## မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

၂၀၂၆ ခုနှစ်၊ မေ ၂၈ ရက်၊ ကြာသပတေးနေ့။

မန္တလေး

## သမဝါယမကဏ္ဍနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်သမ္မတ၏ ပျဉ်းမနားမြို့ ကျီးအင်းကျေးရွာရှိ (Myanmar Agri Food Co.,Ltd)အေးခဲဟင်းသီးဟင်းရွက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးသည့်ခရီးစဉ်တွင် နိုင်ငံအတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်ပြီး လက်ရှိရရှိပြီးဖြစ်သည့် ဈေးကွက်ကိုဆက်လက် တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန်၊ ထိုသို့ဆောင်ရွက်ရာတွင် စုပေါင်းသမဝါယမ စနစ်ဖြင့်လည်း ဆောင်ရွက်၍ ရနိုင်ကြောင်းဟု လမ်းညွှန်မှာကြားချက်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သည့် မြေနေရာရရှိရေး၊ သတ်မှတ်သီးနှံအလိုက် စိုက်နည်းစနစ်များနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့အတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မေ ၂၇ ရက် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု၏ သုဓေးကုန်းကျေးရွာ စိုက်ပျိုးမွေးမြူရေးခြံသို့သွားရောက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Myanmar Agri Food ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ်၊ မအူတောကျေးရွာအုပ်စု၊ စိမ်းစားပင်ကျေးရွာသို့သွားရောက်၍ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာတွင် သမဝါယမစိုက်ပျိုးမွေးမြူရေး အသင်းသားများနှင့်တွေ့ဆုံခဲ့ရာ သမဝါယမဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နှမ်းစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများလိုအပ်သည့် အရင်းအနှီး၊ မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ စနစ်ကျသော စိုက်ပျိုးမွေးမြူရေးဖြစ်စေရေး၊ ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် စိမ်းစားပင်ကျေးရွာ၏ အဆင့်မြင့်လယ်ယာကုန်ထုတ် လမ်း(၃)လမ်း အရှည်ပေ(၇၀၈၀) ဖောက်လုပ်ပေးမည့်နေရာနှင့် နှမ်းစပါးစိုက်တောင်သူများ၏ ရိတ်သိမ်းခြွေလှေ့နေမှုအား ကြည့်ရှုအားပေးပြီး ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာသို့သွားရောက်၍ သမဝါယမဦးစီးဌာန၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ သက်တန့်ရောင်စီမံကိန်းရန်ပုံငွေတို့ဖြင့် မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းများသို့ မျိုးနှင့်သွင်းအားစုပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း(၁၈)သင်း၏ စိုက်ပျိုးမြေ (၅၈၁)ဧကအတွက် မျိုးနှင့်သွင်းအားစုများပေးအပ်ခဲ့သည်။ ဒုတိယဝန်ကြီးသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အပ်ချုပ်သင်တန်း တက်ရောက်အောင်မြင်ပြီး တစ်ပိုင်တစ်နိုင်ဆောင်ရွက်နေသည့် ယွန်းမီအပ်ချုပ်လုပ်ငန်းကိုလည်းကောင်း၊ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အခြေခံပညာမူလတန်းလွန်ကျောင်းအတွင်း တည်ဆောက်ပေးခဲ့သည့် အမြင့်တင်ရေစင်နှင့် လျှပ်ဒဏ်ထိခိုက်မှုအပေါ် ပြန်လည်ပြုပြင်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်လာနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့်စက်မှုလုပ်ငန်းများ တိုးတက်လာရေး၊ သမဝါယမလုပ်ငန်း အောင်မြင်လာရေးနှင့် ကျေးလက်အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ပေါ်လာနိုင်ရေး၊ လူမှုစီးပွားဘဝများစွာ ပြောင်းလဲတိုးတက်လာနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## (၂၇-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၉ ~ ၃၆၆၉ | ၅၅၈.၁ ~ ၅၅၈.၇ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၅,၈၂၃,၈၄၇.၃၃ | | ၁၃,၇၄၁,၈၂၁.၈၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ ဓာတ်မြေဩဇာ၊ ကတ္တရာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၅၀ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၂၀ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃,၅၂၉.၈၅ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## သာစည်မြို့နယ်အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံလက်ခံခြင်းများ ဆောင်ရွက်

**သာစည် မေ ၂၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အခြေခံပညာကျောင်းများ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံလက်ခံခြင်းများကို မေ ၂၅ မှ စတင်၍ သက်ဆိုင်ရာကျောင်းများတွင် ဆောင်ရွက်ပေးလျက်ရှိရာ ဒုတိယရက်ထိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၂၅၀ ဦး အပ်နှံပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းအပ်လက်ခံပြီးသူ စုစုပေါင်း ၂၀၂၅၀ ဦးတွင် အခြေခံပညာအစိုးရကျောင်းများ၌ အပ်နှံပြီးသူ မူလတန်းအဆင့် ၁၃၇၉၉ ဦး၊ အလယ်တန်းအဆင့် ၅၆၃၀ ဦး၊ အထက်တန်းအဆင့် ၆၃၃ ဦး၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ မူလတန်းအဆင့် ၁၇၆ ဦးနှင့် အထက်တန်းအဆင့် ၁၂ ဦးတို့ဖြစ်သည်။ သာစည်မြို့နယ်တွင် အခြေခံပညာကျောင်း ၂၁၂ ကျောင်း၊ ကိုယ်ပိုင်ကျောင်း နှစ်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခြောက်ကျောင်းရှိကြောင်း သိရသည်။

အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၄၈၇)**

## ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်ဖြင့် နွေစပါး ၅၅ ဧက စိုက်ပျိုး

**ညောင်ဦး မေ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်ဖြင့် နွေစပါး ၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများထံက သိရသည်။

ညောင်ဦးမြို့နယ် မြစ်ရေတင်စနစ်ဖြင့် မြစ်ရေတင်နွေစပါး စိုက်ပျိုးရန် မတ်လတွင် စတင်ပျိုးထောင်ခဲ့ကြောင်း၊ ဧပြီလ ဆန်းပိုင်းကစတင်၍ ပျိုးပင်များ လယ်ကွင်းအတွင်း ရွှေ့ပြောင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးမျိုးမှာ ဆင်းသုခ၊ မနော သုခ၊ (GW-11)၊ အောင်နိုင်တိုး စပါးမျိုးများကို တောင်သူများ စိုက်ပျိုးကြပြီး ပျိုးထောင်ရက် ၂၁ ရက်အကြာတွင် စိုက်ပျိုးမည့် လယ်မြေအတွင်း ရွှေ့ပြောင်းစိုက်ရကြောင်း၊ စပါးတစ်သီးရင့်မှည့်ချိန်ထိ ငါးလကြာမြင့်ကြောင်း နွေစပါးစိုက်တောင်သူများက ရှင်းပြ၍ သိရသည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် နွေစပါးစိုက်တောင်သူများ စပါးသီးနှံရိတ်သိမ်းပြီးချိန်အထိ တစ်ဧက စိုက်ပျိုးရေသွင်းစရိတ် ငွေကျပ် ၆၀၀၀ ပေးသွင်းရပြီး နွေစပါးစိုက်ပျိုးချိန်တွင် စပါးတစ်သီးစာ ငွေကျပ် ၉၀၀၀ ပေးသွင်းရကြောင်း အခြားသီးနှံအတွက် ငွေကျပ် ၃၀၀၀ ပေးသွင်းရကြောင်း သိရသည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့်စပါးများ အထွက်နှုန်းပုံမှန်ကောင်းမွန်ပြီး ရေပေးသွင်းခလည်းတန်လွန်းကြောင်း နွေစပါးစိုက်ပျိုးတောင်သူများထံက သိရသည်။ **၄၈၁**

## ရှမ်းတောင်ဦးကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်

**ကျောက်ဆည် မေ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းတောင်ဦးကျေးရွာ၌ VDP စီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်အတူ ရှမ်းတောင်ဦးကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီ ဆောင်ရွက်ပြီးစီးရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ရှမ်းတောင်ဦးကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ပေ ၃၄၀ အား လမ်းအကျယ် ၁၂ ပေ၊ အမြင့်ထု ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၄ ဒသမ ၈ သန်း၊ စုစုပေါင်းငွေကျပ် ၁၉ ဒသမ ၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူ၍ ယခုနှစ် မေလ ၂၃ ရက်နေ့က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးထံမှ သိရသည်။

(ဝဲပုံ)

ရဲဝင်းနိုင်(ညောင်ဦး)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး လူမှုဖူလုံရေးအဖွဲ့မှ လှည်းကူးမြို့နယ် လူမှုဖူလုံရေးအကျုံးဝင်အာမခံအလုပ်သမားများနှင့် ၎င်းတို့၏သားသမီးများအား ကွင်းဆင်းဆေးကုသမှုနှင့် G&F (Myanmar) Garment Co., Ltd. အထည်ချုပ်စက်ရုံအလုပ်သမားများအား တွေ့ဆုံအားပေး

ရန်ကုန် မေ ၂၇

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့ နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် လူမှုဖူလုံရေး အကျုံးဝင်အာမခံအလုပ်သမားများ၏ သားသမီး ၁၀၀၀ အားဖွင့်လှစ်သင်ကြားပေးနေသော ယဉ်ကျေးလိမ္မာသင်တန်း၌ ရွှေလျားဆေးကုသရေးအဖွဲ့ဖြင့် ကွင်းဆင်းဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

ရွှေလျားဆေးကုသရေးအဖွဲ့မှ အထူးကုဆရာဝန်ကြီး သုံးဦး၊ လက်ထောက်ဆရာဝန် ခုနစ်ဦးအပါအဝင် ဆေးဘက်ဆိုင်ရာဝန်ထမ်း ၂၅ ဦးတို့ဖြင့် လူမှုဖူလုံရေး အကျုံးဝင်အာမခံအလုပ်သမားများနှင့် ၎င်းတို့၏သားသမီးများအား ကျန်းမာရေးစမ်းသပ်စစ်ဆေးခြင်း၊ နောက်ဆက်တွဲရောဂါများဖြစ်ပွားမှုနည်းပါးစေရန် လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်များ အသိပေးပြောကြားခြင်းနှင့် ဆေးဝါးများ ထောက်ပံ့ခြင်းတို့ ဆောင်ရွက်ပေးသည်။

## လိုက်လံကြည့်ရှုအားပေး

ထို့နောက် လှည်းကူးမြို့နယ်ရှိ G&F (Myanmar) Garment Co., Ltd. အထည်ချုပ်စက်ရုံသို့ သွားရောက်၍ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းစွာဖြင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာ-တရုတ် နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး




ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့် မစ္စ ချောင်ရှမင်း ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့ တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် မေ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပြန်ကြားရေးဌာန၏ ဒုတိယအကြီးအကဲနှင့် အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြားအုပ်ချုပ်မှုဆိုင်ရာဝန်ကြီး မစ္စချောင်ရှမင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနစုပေါင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားတက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ယဉ်ကျေးမှုဖလှယ်နိုင်ရေးနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်နိုင်ရေး၊ မှတ်တမ်းရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများ ပူးပေါင်းရိုက်ကူးနိုင်ရေး၊ လူငယ်နှင့်နည်းပညာဆိုင်ရာကဏ္ဍ ပူးပေါင်းတီထွင်ဖန်တီးမှုများ ဖလှယ်နိုင်ရေး၊ မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှု သဘောတူစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် မစ္စ ချောင်ရှမင်းနှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့်အတူ နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံ မီဒီယာပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် ပျော်ရွှင်လေ့လာ တရုတ်စာသင်ခန်းစာ အသံသွင်းမှုကိုလည်းကောင်း၊ Vitual Studio တွင် မြန်မာ-တရုတ် ချစ်ကြည်ရေး တေးသီချင်း ရိုက်ကူးမှုကိုလည်းကောင်း၊ News Channel Studio တွင် သတင်းထုတ်လွှင့်မှုကိုလည်းကောင်း၊ Audiotorium ခန်းမတွင် တရုတ်-မြန်မာချစ်ကြည်ရေးအဖြစ် ရှမ်းပဲပုပ်သီချင်းအား မြန်မာ-တရုတ် နှစ်ဘာသာဖြင့် သီဆိုလေ့ကျင့်နေမှုကို လည်းကောင်း၊ စိန်ရတုပြတိုက်အတွင်းတွင် လည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက နေပြည်တော် Horizon Lake View Resort ၌ ညနေလယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

သတင်းစဉ်

# ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၉)အဆန်/အမှတ်(၁၀)အစုန်လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ ထပ်မံတိုးချဲ့ပြေးဆွဲမည်

နေပြည်တော် မေ ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၃)အဆန်/ အမှတ်(၄)အစုန်နှင့် အမှတ်(၅) အဆန်/ အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားများအား ၂၀၂၆ ခုနှစ် မေလအတွင်း စတင်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့် အမှတ်(၉)အဆန်/အမှတ်(၁၀)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား ၂၀၂၆ ခုနှစ် ဇွန်လ ၁ ရက်မှ စတင်၍ အောက်ပါအချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၉)အဆန် | ရန်ကုန် | မန္တလေး | ၀၈:၃၀ | ၁၈:၃၀ | (၁၀)နာရီ |
| ၂ | အမှတ်(၁၀)အစုန် | မန္တလေး | ရန်ကုန် | ၀၈:၃၀ | ၁၈:၄၀ | (၁၀)နာရီ(၁၀)မိနစ် |

အထက်ပါ တိုးချဲ့ပြေးဆွဲမည့် အမှတ်(၉)အဆန်/ အမှတ် (၁၀) အစုန်ရထားသည် ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တစ်လျှောက်တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ တပ်ကုန်း၊ ပျော်ဘွယ်၊ သာစည် ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ပြီး လက်မှတ်ခန့်မှန်းထားမှာ ယခင်အတိုင်း ခရီးစဉ်အစအဆုံး အထက်တန်း ကျပ် ၄၈၀၀၀နှင့် ပထမတန်း ကျပ် ၃၄၀၀၀ တို့ ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း အထက်ဖော်ပြပါ လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများအပြင် လေအေးပေးစက်ပါ အထက်တန်းလူစီးတွဲ နှစ်တွဲပါရှိသော လေအိတ်ရထားဖြစ်သည့် အမှတ် (၁၁) အဆန်/အမှတ် (၁၂) အစုန် ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်ရထားများ ပြေးဆွဲလျက်ရှိပြီး ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်အား လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန် ရထားများဖြစ်သော အမှတ် (၇) အဆန်/ အမှတ် (၈) အစုန်နှင့် အမှတ် (၃၁) အဆန်/အမှတ် (၃၂) အစုန်ရထားများ ပြေးဆွဲပေးလျက်ရှိသည်။

အဆိုပါရထားများ၏ ထိုင်ခုံလက်မှတ်များအား Online Railways Ticketing and Payment (ORTP) စနစ်တွင် အွန်လိုင်းမှ ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်ပြီး



ခရီးစဉ်အစအဆုံးဘူတာများအတွက် ၇ ရက်နှင့်ကြားဘူတာများအတွက် ၅ ရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်း ပဲခူး-ရန်ကုန်-ပဲခူး ခရီးစဉ်အဖြစ် လေအေးပေးစက်ပါ ခေတ်မီ DEMU ရထားဖြစ်သည့် အမှတ် (၁၅) အဆန်/ အမှတ် (၁၆) အစုန်ရထားနှင့် RBE ခရီးတို ရထားများဖြစ်သော မန္တလေး-သာစည်-မန္တလေးခရီးစဉ်အဖြစ် အမှတ် (သ-၃၀၁) အဆန်/(သ-၃၀၂) အစုန်၊ သာစည် - နေပြည်တော်-သာစည် ခရီးစဉ်အဖြစ် အမှတ် (သ-၄၀၁) အဆန်/(သ-၄၀၂) အစုန်၊ နေပြည်တော်-တောင်ငူ-နေပြည်တော် ခရီးစဉ်အဖြစ် အမှတ် (သ-၅၀၁) အဆန်/(သ-၅၀၂) အစုန်နှင့် တောင်ငူ- ပဲခူး-တောင်ငူ ခရီးစဉ်အဖြစ် အမှတ် (သ-၆၀၁) အဆန်/(သ-၆၀၂) အစုန် ရထားများအား ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး မေ ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကွန်ရက်လိုင်းများ ကောင်းမွန်မှုရှိစေရန်၊ အမြင်မတင့်တယ်သည့် ဖိုက်ဘာကြိုးများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ရှင်းလင်းဆောင်ရွက်ရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဖိုရမ် (Mandalay Region Communications Sectors Development Forum)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ Mingalar Mandalay Hotel တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်နှင့် အတွင်းရေးမှူး ဦးကျော်စွာထွန်း၊ ဆက်သွယ်ရေးဦးစီးဌာန တိုင်းဒေသကြီးရုံးခွဲတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆက်သွယ်ရေးနှင့် ဒီဂျစ်တယ်နည်းပညာကဏ္ဍမှ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြို့တော်၏ သာယာလှပမှုနှင့် မြို့ပြစီမံခန့်ခွဲမှုကိုလည်း အလေးထားကာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မြို့တွင်း Fiber Optic Cable များ တပ်ဆင်ထားမှုများသည် အမြင်မတင့်တယ်မှုများကြောင့် မြို့တော်၏ အလှအပ၊ လမ်းမပတ်ဝန်းကျင် လုံခြုံရေးနှင့် Urban Landscape များကို ထိခိုက်စေနိုင်သည့်အတွက် Fiber Cable များ စနစ်တကျတပ်ဆင်ရေး၊ Pole Shared နှင့် Infrastructure Shared စနစ်များ အသုံးပြုရေး၊ Underground Fiber စနစ်များ အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ကာ မြို့တော်သာယာလှပမှုနှင့် ကိုက်ညီသော Telecom Starndards များ ချမှတ်ဆောင်ရွက်သွားရေးတို့ကို အလေးထားပြီး ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးချက်များမှရရှိလာမည့် ရလဒ်ကောင်းများကိုအခြေခံပြီး ဆက်သွယ်ရေးနှင့် ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ယင်းနောက် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ရုံးခွဲတာဝန်ခံက ဖိုရမ်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်းနှင့် မွန်းလွဲပိုင်းတွင် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး မိုဘိုင်းအော်ပရေတာ၊ တာဝါကုမ္ပဏီများ၊ ဖိုင်ဘာကုမ္ပဏီများ၊ ISPကုမ္ပဏီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေး




**မြို့သစ် မေ ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်ဦးစီးမှူးရုံးမှ "လမင်း" စီမံချက်ဖြင့် အသက်(၁၀)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များပြုလုပ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဘုရားကြီးရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ရတနာခန်းမ)၌ နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာနေရာသို့ မြို့သစ်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစိုးမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ကြည့်ရှုအားပေးကာ ကျောင်းသား၊ ကျောင်းသူ ၈၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**

၀-၀-၀-၀

## မန္တလေးမြို့၌ (၁၀)နှစ်ပြည့် MABA အသင်းနှစ်ပတ်လည်အထိမ်းအမှတ်နှင့် မြန်မာ-ဂျပန် ယဉ်ကျေးမှုပွဲတော် ကျင်းပမည်

**မန္တလေး မေ ၂၇**

မြန်မာ-ဂျပန်မိတ်ဖက် စီးပွားရေးလုပ်ငန်းရှင်များအသင်း(MABA)၏ (၁၀)နှစ်ပြည့်အခမ်းအနားနှင့် "Mandalay Japan Festival" ပြပွဲ၊ ပြိုင်ပွဲများကို လာမည့် ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် မန္တလေးမြို့၊ မင်္ဂလာမန္တလေး (Promotion Area)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါပွဲတော်ကို မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုချင်းဖလှယ်နိုင်ရန်၊ ကုန်သွယ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များအကြား စီးပွားရေးချိတ်ဆက်မှု(Business Matching)များရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

နှစ်ရက်တိုင်တိုင် ကျင်းပမည့် ယင်းပွဲတော်တွင် မန္တလေးမြို့ခံ SMEs လုပ်ငန်းရှင်များ၏ ပြခန်းများနှင့် ဆိုင်ခန်းများ၊ မြန်မာနိုင်ငံရှိ ဂျပန်ကုန်သည်ကြီးများအသင်းဝင်ကုမ္ပဏီများ၏ ပြခန်းများအပြင်၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား အကျိုးတူပူးပေါင်းဆွေးနွေးပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသူများ စိတ်ဝင်စားစေမည့် ဂျပန်ရိုးရာ ယုကတ(Yukata) ဝတ်ဆင်၍ ဓာတ်ပုံရိုက်ကူးခြင်း၊ ဂျပန် Bon Odori ဖျော်ဖြေမှု၊ Japan Foundation မှ Quiz ပြိုင်ပွဲနှင့် မြန်မာ Cosplay Association အသင်းတို့၏ တင်ဆက်မှုများ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ တိုင်းရင်းသားရိုးရာအကပဒေသာများ၊ မန္တလေးမြို့ခံအနုပညာရှင်များ၏ ခေတ်သုံးခေတ် ဝတ်စားဆင်ယင်မှုအကအလှများနှင့် မြန်မာ့ရိုးရာဆင်အက စသည့် ဖျော်ဖြေရေးအစီအစဉ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ပြခန်းနှင့် ဈေးရောင်းပွဲတော်ဆိုင်ခန်း (Sales Booth)စုစုပေါင်း ၉၄ ခန်းကို ဇုန်ကြီး လေးဇုန်ခွဲ၍ စနစ်တကျ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် မြန်မာ-ဂျပန် မိတ်ဖက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများအပါအဝင် ပြည်သူစည့်သည်တော် တစ်သောင်းခန့်လာရောက်ဆင်နွှဲကြမည်ဟု ခန့်မှန်းထားကြောင်းနှင့် အထိမ်းအမှတ်အနေဖြင့် MABA(၁၀)နှစ်ပြည့် မဂ္ဂဇင်းကိုလည်း ပွဲတော်အမီ ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**



## ဆီထွက်သီးနှံ(နေကြာ)ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား နည်းပညာပေးသင်တန်း ပြုလုပ်

**မလှိုင် မေ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရက်(၁၀၀)အတွင်း ဆောင်ရွက်သည့် ဆီထွက်သီးနှံ(နေကြာ) ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် တောင်သူနည်းပညာပေးသင်တန်းကို ယမန်နေ့နံနက် ၉ နာရီက ရေချိုဘူတာအုပ်စု၊ သပြေပင်ကျေးရွာ SMU ခန်းမ၌ ပြုလုပ်ခဲ့သည်။



ရှေးဦးစွာ တောင်သူနည်းပညာပေးသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ကြည်က ဆီထွက်သီးနှံပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် နည်းပညာများကို ဆွေးနွေးပြောကြားခဲ့ပြီး မြို့နယ် မြေ၊ မျိုး၊ ပိုး တာဝန်ခံများမှ သက်ဆိုင်ရာဘာသာရပ်အလိုက် စိုက်ပျိုးရေးနည်းပညာများကို ဆက်လက်ပို့ချခဲ့ကြသည်။

အဆိုပါ တောင်သူနည်းပညာပေးသင်တန်းသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်း ၂၃ ဦး၊ သပြေပင်ကျေးရွာမှ တောင်သူ ၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **စော်မင်း(မလှိုင်)**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် ရွှေကျင်-ဘောကထနှင့် ဒေသတစ်ဝိုက်၌ နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်ကျောင်းသားကျောင်းသူများပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ နေ့စဉ် လူမှုစီးပွားဘဝများတွင် စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် အသက်ကိုပဓာနမထားဘဲ ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ(အတိုး၊ အရင်း) ပြန်လည်ကောက်ခံ

**ဇမ္ဗူသီရိ မေ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရှားတောကျေးရွာ၌ အသင်းသား၊ အသင်းသူများထံမှ နဝမအကြိမ် စီမံကိန်းစက်ဝန်း(အတိုး၊ အရင်း)ငွေများ ပြန်လည်ကောက်ခံခြင်းကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ထိုသို့ အသင်းသား၊ အသင်းသူများထံမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း(အတိုး၊ အရင်း)ငွေများ ပြန်လည်ကောက်ခံရာတွင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းပါမူဘောင်များနှင့်အညီ စနစ်တကျလုပ်ကိုင်ကြရန်၊ စီမံကိန်းချေးငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်စွာရေးသွင်း၍ စနစ်တကျ ပြုစုထိန်းသိမ်းဆောင်ရွက်ရန်၊ သတ်မှတ်လအလိုက် ပေးဆပ်ရမည့် ချေးငွေများကို အချိန်မီ ပြန်လည်ပေးဆပ်၍ စီမံကိန်းလုပ်ငန်းများကို စနစ်တကျ လည်ပတ်လုပ်ကိုင်ကြရန် ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများက မိမိတို့ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များနှင့် ငွေစာရင်းဇယားများ ပြုစုထိန်းသိမ်းထားရှိမှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရှားတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်သည့် စီမံကိန်း အသင်းသား၊ အသင်းသူ ၁၅၀ ဦးထံမှ စီမံကိန်းချေးငွေ (အတိုး၊ အရင်း)ငွေကျပ် ၄၆ ဒသမ ၉၀သန်းကို Nature Li-nk Pay (trusty)နှင့်ပူးပေါင်း၍ Mobile စနစ်ဖြင့် စနစ်တကျ ပြန်လည်ကောက်ခံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **(ဝဲပုံ) ရဲဝင်းနိုင်**

* - * - * - * - * - *



## ဟိုတယ်များနှင့် တည်းခိုခန်းများအား မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း မေ ၂၇**

စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ စစ်ကိုင်းမြို့ပေါ်ရှိ ဟိုတယ်များနှင့် တည်းခိုခန်းများအား ယမန်နေ့ နံနက်ပိုင်းက မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်ဟန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများ ပူးပေါင်း၍ စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက်ရှိ ကောင်းဆက်ပိုင်ဟိုတယ်နှင့် စိန်ကုန်းရပ်ကွက်ရှိ စစ်ကိုင်းဟိုတယ်တို့အား မီးလောင်မှုမဖြစ်ပေါ်စေရေး၊ မီးလောင်မှုဖြစ်ပွားပါက မြန်မြန်သိ၍ မြန်မြန်ငြိမ်းသတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်ရေးစနစ်များ ထပ်မံဖြည့်တင်းတပ်ဆင်နိုင်ရေး၊ ဆက်သွယ်ရေးစနစ်များကောင်းမွန်စေရေး၊ ဝင်လမ်း၊ ထွက်လမ်းများ ကောင်းမွန်စေရေး၊ အရေးပေါ်ရေလုံလောက်စွာရရှိစေရေး၊ မီးသတ်ဆေးဘူးများ အသုံးပြုတတ်စေရေးတို့ကို အကြံပြု စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**

## မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေး

**မြစ်ကြီးနား မေ ၂၇**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ သမဝါယမနှင့်ကျေးလက်ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေ (၁၁)ကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ဧပြီ ၂၅ရက်တွင် စတင်၍ နန်းကွေ့ကျေးရွာအုပ်စု နန်းကွေ့ကျေးရွာတွင် ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

အဆိုပါမြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းကို လျှော့ချရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွင်း လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နေပြည်သူများ လူထုစွမ်းဆောင်ရည်တိုးတက်လာစေပြီး မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက ထုတ်ပြန်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အရင်းမပျောက် မတည်ငွေကျပ် သန်း ၃၀ အား ထောက်ပံ့ပေးအပ်ခဲ့ပြီး မေ ၂၅ ရက်တွင် အသင်းသား ၈၆ ဦးအား ရန်ပုံငွေကျပ် ၇၇ ဒသမ ၈ အား ထပ်မံ၍ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးထံမှ သိရသည်။ **သူရိန်(ကချင်)**

ပန်းမန်သစ်ပင်
လေသန့်စင်၍
ဥယျာဉ်
တောတန်း
စိတ်ရွှင်လန်း၏။

❁ **စာမျက်နှာ ၂၄ မှ**

အသက်ကိုပဓာနမထားဘဲ ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မတ္တရာ မေ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ နန်းရွှေရာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၂၆ ရက် နံနက် ၁၀ နာရီခွဲက မတ္တရာမြို့ အမှတ်(၁)ရပ်ကွက် ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ နန်းရွှေရာရောင်းဝယ်ရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က သဘာပတိအဖြစ်ဆောင်ရွက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မတ္တရာမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမြင့်က လက်ရှိဆောင်ရွက်နေသော သမဝါယမလုပ်ငန်းအကြောင်းနှင့် အသင်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အကြံပြုဆွေးနွေးခဲ့သည်။

ဆက်လက်၍ အသင်းအမှုဆောင် ဦးကျော်လွင်က အသင်းရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေရာသား**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ကျောင်းအပ်များနှင့်တွေ့ဆုံ

**မန္တလေး မေ ၂၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ကျောင်းသွားကြမယ် သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက နိုင်ငံတော်မှ (အခမဲ့)ဖြန့်ဝေပေးသည့် ကျောင်းသုံးပစ္စည်းများကို ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်ပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က မဟာအောင်မြေမြို့နယ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပနေမှုအား ကြည့်ရှုခဲ့ပြီးနောက် (ထက်·လယ်·မူ)ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့်တွေ့ဆုံ၍ ကျောင်းနေအရွယ်ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံရေးအလေးထားဆောင်ရွက်ရန်စသည့် အကြောင်းအရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**



## အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှု စတင်ဆောင်ရွက်

**တောင်တွင်းကြီး မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှု စတင်ဆောင်ရွက်ခြင်းကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေ အပါအဝင်ပိတ်ရက်မရှိ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အခြေခံပညာကျောင်းများ အလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံရေးဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများထံ တစ်ပါတည်းပေးအပ်ခဲ့သည်။

တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် မူလတန်းမှအထက်တန်းအဆင့်အထိ ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ကျောင်းဝတ်စုံတစ်စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုး ညွှန်းတမ်းပုံနှိပ်၊ ဗလာစာအုပ်၊ ခဲတံနှင့်၊ ဘောပင်တို့ကို နိုင်ငံတော်က အခမဲ့ပေးအပ်သွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ်ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှ ပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**



**သင့်သွေးဖြင့် အသက်ကယ်ပါ။**



## မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ဘော်လီဘောအခြေခံနည်းပြသင်တန်း ဖွင့်ပွဲကျင်းပ

**မန္တလေး မေ ၂၇**

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ဘော်လီဘော အခြေခံနည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ရွှေမန်းတောင် အားကစားခန်းမတွင် ယမန်နေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ မန်းအောင်ဆွေလင်း၊ ဘော်လီဘောကလပ်ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း (အောင်သမာဓိစိန်ရွှေရတနာနှင့်ရွှေသန့်စင်လုပ်ငန်း)၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း၊ အတွင်းရေးမှူး ဦးမြင့်ဆွေ၊ ဘဏ္ဍာရေးမှူး ဦးဇော်ဦး၊ တွဲဖက်အတွင်းရေးမှူးအား/ကာသိပ္ပံ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဝေနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မန်းတိုင်းကိုယ်စားပြုဘော်လီဘော လက်ရွေးစင် အားကစားသမားများ၊ အသင်းအုပ်ချုပ်သူနည်းပြများ၊ ဒိုင်အဖွဲ့ဝင်များ၊ နည်းပြဆရာကြီးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**(အပေါ်ပုံ)**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ဘော်လီဘောသမိုင်းကြောင်းနှင့် အခြေခံဘော်လီဘောသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီးဘော်လီဘော ပြိုင်ပွဲဝင် မန္တလေးတိုင်းအသင်းကိုယ်စားပြုဘော်လီဘောအားကစားမောင်/မယ်များအား တိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌက မင်းသီဟကဖေးတွင် တွေ့ဆုံ၍ ဂုဏ်ယူမှတ်သားဖွယ်များ မှာကြားကာ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီးနံနက်စာလက်ဖက်ရည်နှင့် မုန့်တို့ဖြင့် ကျွေးမွေးဧည့်ခံကြောင်း သိရသည်။

**တင်မောင်-မန္တလေး**

၀-၀-၀-၀-၀

## အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များအား ဆောင်ရွက်ပေးလျက်ရှိ

**စဉ့်ကူး မေ ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်ဦးစီးမှူးရုံးတွင် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များအား ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိရာသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်က ယမန်နေ့မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

**(အောက်ပုံ)**

ထို့နောက် နိုင်ငံသားစိစစ်ရေးကတ် လာရောက်လျှောက်ထားကြသည့် ဒေသခံပြည်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံကာ နိုင်ငံတော်၏ ရည်မှန်းချက်များအား ရှင်းလင်းခြင်း၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကာ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်နိုင်ရေး ဆွေးနွေးခြင်းနှင့် စဉ့်ကူးမြို့နယ်အတွင်းရှိ ပြည်သူပိုင်ပစ္စည်းများနှင့် နိုင်ငံတော်ပိုင်ပစ္စည်းများအား ခိုးယူခြင်း၊ ကိုယ်ကျိုးအတွက်အသုံးချခြင်းများနှင့် လက်ခံဝယ်ယူခြင်းများ မရှိစေရေးတို့ကို အသိပညာပေးဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စဉ့်ကူးမြို့နယ်ဦးစီးမှူးရုံးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ရာ မြို့နယ်ဦးစီးမှူး ဦးလှထွေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်စာလွင်(ပြန်/ဆက်)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## The King's Warden မှာ ရာဇဝင်ဖြစ်ရပ်မှန်ကားဖြစ်




တောင်ကိုရီးယားရာဇဝင်သမိုင်းတွင် ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်မှန်ကို ပြန်လည်ရိုက်ကူးထားသည့် The King's Warden မှာ ကိုရီးယားရုပ်ရှင်သမိုင်းတစ်လျှောက် ရုံဝင်သူအများဆုံး နံပါတ်နှစ်နှင့် ဝင်ငွေအများဆုံး နံပါတ်တစ်ချိတ်ထားသည့် ရာဇဝင်ဖြစ်ရပ်မှန်ကားဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားမှာ ဂျိုဆွန်ခေတ်၏ ဝမ်းနည်းကြေကွဲဖွယ်အကောင်းဆုံး သမိုင်းဝင်ဖြစ်ရပ်မှန်ကို ရိုက်ကူးထားရာ အသက်ငယ်သော ဘုရင်လေး နန်းချခံရပြီးနောက် နယ်နှင်ဒဏ်ပေးခံရပြီး ယောင်ဝေါဒေသ၊ ဂွမ်ချွန်းတောင်ကြားဆိုသည့် တောင်ပေါ်ရွာသူကြီးထံ ရောက်ရှိခဲ့သည်။

ဘဝကို လက်လျှော့ထားသည့် နန်းကျဘုရင်ငယ်လေးနှင့် သူ့ကို စောင့်ကြပ်ကြည့်ရှုကွပ်ကဲရသည့် သူတို့ကြား နက်ရှိုင်းသော သံယောဇဉ်နှင့် သစ္စာတရားတို့ကို ရင်နင့်ဖွယ်ကောင်းအောင် ရိုက်ကူးပုံဖော်ထားသည်။

ဝါရင့်သရုပ်ဆောင် ယိုဟေဂျင်းနှင့် ဝမ်နာဝမ်းအဆိုတော်၊ သရုပ်ဆောင် ပတ်ဂျီဟွန်းတို့ အဓိကပါဝင်ထားပြီး ကိုရီးယားတစ်နိုင်ငံလုံး မျက်ရည်ကျသည်အထိ ဆွဲဆောင်နိုင်ခဲ့သည်။ (SKY)

## Stray Kids အပါအဝင် Metgala တက်ရောက်ခဲ့သည့် ကေပေါ့ပ်အနုပညာရှင်များစွာရှိ

ဖက်ရှင်လောက၏အကြီးကျယ်ဆုံးပွဲဖြစ်သည့် Metgala ပွဲသို့ ကမ္ဘာ့အဆင့်မီဖက်ရှင်အိုင်ကွန်များကို ဖိတ်ကြားခဲ့ရာ ကေပေါ့ပ်အနုပညာရှင်များစွာအနက် စတေရီကစ်အဖွဲ့ဝင် ရှစ်ဦးပထမဆုံးကေပေါ့ပ်အဖွဲ့အဖြစ် တက်ရောက်ခဲ့ကြောင်း ဆွန်ပီဝက်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲသမိုင်းတစ်လျှောက် ကေပေါ့ပ်တစ်ဖွဲ့လုံး အတူတက်ရောက်ခဲ့သည့် စတေရီကစ်အဖွဲ့ဝင်ရှစ်ဦး ၂၀၂၄ ခုနှစ်တွင် တက်ခဲ့ပြီး အဖွဲ့ဝင် ဖီလစ်ကို ၂၀၂၅ ခုနှစ်အတွက် ထပ်မံဖိတ်ကြားခံခဲ့ရသည်။

ဆဲဗင်တင်းအဖွဲ့ဝင် အက်စ်ခရော့စ်၊ ဂျက်ဆင်ဝေါင်၊ အိပ်ဖိုအဖွဲ့ဝင်ဟောင်း လေးကျန့်(ခေါ်) ကျန့်ဇီယီး၊ စူပါဂျူနီယာမှ ရှိုင်ဆီဝမ်၊ ရိန်း၊ ခရစ္စတူ၊ ဂျီဒရယ်ဂွန်တို့လည်း နှစ်အလိုက် တက်ရောက်ခဲ့ကြသည်။ ပီအက်စ်ဝိုင်က လမ်းသစ် စဖောက်ခဲ့သူဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် ဘလက်ပင့်ခ်မှ ရို့စ်၊ ၂၀၂၃ နှင့် ၂၀၂၅ ခုနှစ်တွင် ဂျင်နီ၊ ၂၀၂၅ ခုနှစ်တွင် လီဇာတို့လည်း ဖက်ရှင်စတိုင်ကျနစွာနှင့် တက်ရောက်ခဲ့ကြသည်။ ဖက်ရှင်အိုင်ကွန်များကို ကမ္ဘာ့အဆင့်မီ ဝတ်ဆင်နိုင်သည့် အနုပညာရှင်များအဖြစ် လည်းသတ်မှတ်ခြင်းခံခဲ့ရသည်။

(SKY)

0-0-0-0-0-0-0-0



မျိုးရိုးဗီဇကွဲရှိသူအချို့ ဗီတာမင်ဒီ သုံးစွဲလျှင် ဆီးချိုရောဂါဖြစ်ပွားမှု လျှော့ချပေးနိုင်ကြောင်း တွေ့ရှိ

မျိုးရိုးဗီဇကွဲ ရှိသူအချို့ ဗီတာမင်ဒီ သုံးစွဲခြင်းဖြင့် အမျိုးအစား(၂) ဆီးချိုရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးပေးနိုင်ကြောင်း လေ့လာမှုအသစ်တစ်ခုအရ သိရှိရပြီး တစ်ဦးချင်းစီအလိုက် သီးသန့်ဆီးချိုရောဂါ ကာကွယ်ရေးလမ်းစကို ပွင့်လာစေနိုင်မည် ဖြစ်သည်။

အမေရိကန်လူကြီးပိုင်း ၄၀ ရာခိုင်နှုန်းကျော်သည် ဆီးချိုအကြိုအဆင့် ခံစားနေရပြီး ၄င်းမှာ သွေးတွင်းသကြားဓာတ်မြင့်မားနေသော်လည်း အမျိုးအစား(၂) ဆီးချိုရောဂါအဖြစ် သတ်မှတ်ရန် အဆင့်မပြည့်သေးသည့် အခြေအနေဖြစ်သည်။

သုတေသနအသစ်များ၏ ဖော်ပြချက်အရ ဗီတာမင်ဒီသည် လူသားတို့၏ မျိုးရိုးဗီဇအပေါ် မူတည်၍ အချို့သောသူများတွင် ဆီးချိုရောဂါအဆင့်သို့ ကူးပြောင်းဖြစ်ပွားမှုကို နှေးကွေးစေနိုင်သို့မဟုတ် ကာကွယ်ပေးနိုင်မည်ဟု ဆိုသည်။

ဆီးချိုအကြိုအဆင့် ခံစားရသူများအနေဖြင့် ဗီတာမင်ဒီပမာဏမြင့်မားစွာ နေ့စဉ်သောက်သုံးပါက ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေကို ၁၉ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်း အမေရိကန်သုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(SCI)

## Sammy's Childern's Day ရိုက်ကွင်းနောက်ခံသည် ဟောင်ကောင်သမိုင်း၏ ထူးခြားသောနေရာဖြစ်

တရုတ်ဇာတ်လမ်းတွဲ Sammy's Childern's Day ရိုက်ကွင်းနောက်ခံမှာ ဟောင်ကောင်သမိုင်း၏ ထူးခြားဆန်းကြယ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကျန်လုံခံတပ်မြို့ဟောင်းနေရာဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ကျန်လုံခံတပ်မြို့ဟောင်း Koloon Walled City မှာ ကမ္ဘာပေါ်တွင်လူနေအသိပ်သည်းဆုံးနေရာဖြစ်ပြီး ဟောင်ကောင်သမိုင်းတွင် အထူးခြားဆုံး၊ အရှုပ်ထွေးဆုံးနေရာတစ်ခုဖြစ်သည့် ဥပဒေမဲ့ဇုန်အဖြစ် လူသိများသော်လည်း ယနေ့ခေတ်တွင် မြို့ပြပုံစံသစ်များနှင့် စိတ်ကူးယဉ်အနုပညာ (Cyberpunk) လောကအတွက် လှုံ့ဆော်ပေးရာ အထင်ကရနေရာတစ်ခု ဖြစ်လာခဲ့သည်။

သမိုင်းကြောင်း နောက်ခံတွင် မန်ချူးအင်ပါယာလက်ထက် ဆားကုန်သွယ်မှုစောင့်ကြည့်ရန် ခံတပ်ငယ်တစ်ခုဖြစ်ပြီး ဒုတိယကမ္ဘာစစ်အပြီးတွင် ဥပဒေမဲ့နယ်မြေဖြစ်ခဲ့သည်။ အထပ်မြင့်တိုက်တန်းကြီးများ စုပြုံနေပြီး ကျဉ်းမြောင်းသော လမ်းကြားများတွင် နေရောင်မကျ၍ မီးထွန်းထားရကာ ဒုစရိုက်ဂိုဏ်းများအခြေစိုက်စခန်းဖြစ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် မြို့ဟောင်းကို ဖျက်သိမ်း၍ ၁၉၉၃ ခုနှစ်အတွင်း ပြောင်းလဲကာ လှပသောပန်းခြံတစ်ခုနှင့် ခံတပ်ဟောင်းကို သမိုင်းအမွေအနှစ်အဖြစ် ထိန်းသိမ်း၍ ကျန်လုံခံတပ်မြို့ပြ ယဉ်ကျေးမှုပြယုဂ်တစ်ခုအဖြစ် သမိုင်း၏ ထူးခြားသော နေရာဖြစ်ခဲ့သည်။

(SKY)

0-0-0-0-0-0-0-0

## Aespa မှ Giselle က စော်ကားမှုကို တုံ့ပြန်



အက်စပါအဖွဲ့ဝင် ဂီဆယ်လီသည် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်တစ်ခုတွင် ပရိသတ်များနှင့် စကားပြောရင်း စော်ကားမှုတစ်ခုကြုံတွေ့ရ၍ ချက်ချင်းတုံ့ပြန်လိုက်သည့်သတင်း ရေပန်းစားနေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဖြစ်ရပ်တွင် လူမှုကွန်ရက် စာမျက်နှာပေါ်၌ ပရိသတ်များနှင့် စကားပြောရင်း ပရိသတ်တစ်ဦးက စော်ကားသော မှတ်ချက်ပေးမှုကို ဂီဆယ်လီက ချက်ချင်း တုံ့ပြန်ခဲ့၍ သူ၏ ရဲတင်းပွင့်လင်းသည့်လုပ်ရပ်ကို ချီးကျူးခဲ့ကြသည်။

ပုံမှန်အားဖြင့် အနုပညာရှင်များ တိုက်ရိုက်ထုတ်လွှင့်စဉ်အတွင်း ပြတ်ပြတ်သားသား တုံ့ပြန်မှုရှားပါးသည့်အတွက် ထိုဗီဒီယိုဖိုင်မှာ ရေပန်းစားနေပြီး ပရိသတ်ကြား ဂီဆယ်လီ၏ မမျှော်လင့်ထားသည့် တုံ့ပြန်မှုနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးနေကြဆဲ ဖြစ်သည်။

(SKY)

## BTS အဖွဲ့ အမေရိကန်နိုင်ငံ ဖလော်ရီဒါ Tampa တွင် ဖျော်ဖြေပွဲ အောင်ပွဲခံနိုင်ခဲ့

ကမ္ဘာကျော်ကေပေါ့ပ် BTS အဖွဲ့၏ ကမ္ဘာလှည့်ဖျော်ဖြေပွဲတစ်ခုဖြစ်သည့် အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါပြည် Tampa တွင် ကျင်းပခဲ့ရာ သုံးညတိုင်တိုင်အောင်ပွဲရခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Tampa မြို့ ဂီတပွဲကို Raymond James အားကစားရုံတွင် ကျင်းပခဲ့ရာ တစ်လအလိုကတည်းက ဟိုတယ်များပြည့်၍ ဈေးတက်ခဲ့ပြီး လက်မှတ်များ ရောင်းကုန်ခဲ့ကာ တစ်ခဲနက်အားပေးမှုရရှိ၍ အောင်ပွဲခံနိုင်ခဲ့ကြသည်။



အဖွဲ့ဝင် ခုနစ်ဦးက ပထမနေ့ ကျင်းပအပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြရာ ပရိသတ်ခြောက်သောင်းခွဲ တက်ရောက်၍ သီချင်းသစ်နှင့် သီချင်းဟောင်းများ ပေါင်းစပ်ပြီး စည်းချက်နှင့်ထပ်တူကျခဲ့ကြသည်။

(SKY)

0-0-0-0-0-0-0-0

## G Dragon ၏ ပညာရေးမဟာဘွဲ့ Master's Degree ရရှိ

ကေပေါ့ပ်ဘုရင် ဂျီဒရယ်ဂွန်(ခေါ်) ကွမ်ဂျီယောင်းသည် ပရိသတ်အပေါ် လွှမ်းမိုးမှုရှိရုံသာမက ပညာရေးတွင်လည်း မဟာဘွဲ့ရရှိထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဂျီဒရယ်ဂွန်သည် ၁၉၈၈ ခုနှစ် ဩဂုတ် ၁၈ ရက်ဖွား ဆိုးလ်မြို့သားဖြစ်ပြီး ထူးခြားသော ရုပ်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုနှင့်အတူ ခေတ်ရေစီးကြောင်းကို ဆန်းသစ်ခဲ့သည့် ဖက်ရှင်အိုင်ကွန်လည်း ဖြစ်သည်။

အနုပညာလောကသို့ ငါးနှစ်သားနှင့်စတင်ကာ ၂၀၁၆ ခုနှစ်တွင် ဝိုင်ဂျီနှင့် ခြောက်နှစ်ကြာ လက်တွဲ၍ အောင်မြင်မှုရရှိခဲ့ရုံသာမက ကွမ်ဟီးတက္ကသိုလ်တွင် ခေတ်ပေါ်ဂီတပညာရပ်သင်ယူပြီး ဆီဂျောင်းတက္ကသိုလ်မှ အနုပညာစီမံခန့်ခွဲမှု မဟာဘွဲ့ရရှိခဲ့သည်။

ဂျီဒရယ်ဂွန်သည် ဖက်ရှင်ဒီဇိုင်းသစ်ထွင်ခြင်း၊ ပန်းချီဆွဲခြင်း၊ တေးရေးခေတ်ပြိုင်အနုပညာစုဆောင်းခြင်း၊ ဖိနပ်စုဆောင်းခြင်းတို့ကို ဝါသနာပါကာ မိမိကိုယ်ကို လွတ်လပ်စွာ ဖော်ပြခွင့်ရသည့် အနုပညာဖန်တီးမှုခေတ်မီဆန်းသစ်သည့် နည်းပညာနှင့် အနုပညာပေါင်းစပ်မှုကို နှစ်သက်၍ ဂီတဆုပေါင်းများစွာ သိမ်းပိုက်ထားသည်။ (SKY)

# လာအိုနိုင်ငံ၌ ရေကြီးမှုကြောင့် ဂူအတွင်းပိတ်မိနေသူ ခုနစ်ဦးအနက် ငါးဦး အသက်ရှင်လျက်တွေ့ရှိ

**ဗီယင်ကျန်း မေ ၂၇**

လာအိုနိုင်ငံတွင် ရေကြီးမှုကြောင့် လိုဏ်ဂူအတွင်း ပိတ်မိနေသူ ခုနစ်ဦးအနက် ငါးဦးကို မေ ၂၇ ရက် မွန်းလွဲပိုင်းတွင် အသက်ရှင်လျက် ပြန်လည်တွေ့ရှိပြီ ဖြစ်ကြောင်း လာအိုနှင့် ထိုင်းကယ်ဆယ်ရေးအဖွဲ့များက ပြောသည်။ ငါးဦးကို ဘေးကင်းလုံခြုံစွာ အသက်ရှင်လျက်တွေ့ရှိပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် နှစ်ဦးကို ဆက်လက်ရှာဖွေနေကြောင်း လာအိုကယ်ဆယ်ရေးအဖွဲ့က လူမှုကွန်ရက်ပေါ်တွင် ရေးသားဖော်ပြထားသည်။

### အချိန်နှင့်အမျှ ကြိုးပမ်းရှာဖွေ

စိန်ခေါ်မှုများသော ကယ်ဆယ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် ကျွမ်းကျင်ရေငုပ်သမားတစ်ဦးက ပျောက်ဆုံးနေသူများကို အသက်ရှင်တွေ့ရှိနိုင်ရေးအတွက် အချိန်နှင့်အမျှ ကြိုးပမ်းရှာဖွေနေကြောင်း ပြောကြားသည်။

ကယ်ဆယ်ရေးသမားများသည် ပျောက်ဆုံးနေသူများအား ရှာဖွေတွေ့ရှိရန် ကျဉ်းမြောင်းသည့် လမ်းကြောင်းမှတစ်ဆင့် ခက်ခက်ခဲခဲ သွားခဲ့ရကြောင်း၊ ရေမျက်နှာပြင် မြင့်တက်မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ အဟန့်အတားများနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့တစ်ခုသည် မေ ၂၄ ရက်က ဒေသရှာဖွေကယ်ဆယ်ရေးအဖွဲ့တွင် ပူးပေါင်းပါဝင်ခဲ့သည်။

ထိုင်းအခြေစိုက် ရေငုပ်သမားတစ်ဦးသည် ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်ပြည်နယ် သမ်လွမ်လိုဏ်ဂူအတွင်း ရေကြီးမှုကြောင့် ပိတ်မိနေသည့် Wild Boars လူငယ်ဘောလုံးအသင်းကို ကယ်ဆယ်ခဲ့သည့် ၂၀၁၈ ခုနှစ် ကယ်ဆယ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သူဖြစ်သည်။

### လိုဏ်ဂူအတွင်း မေ ၂၀ ရက်တွင် ဝင်ရောက်သွားခဲ့

ကျေးရွာသား ခုနစ်ဦးသည် လာအိုနိုင်ငံ၏ မြို့တော်ဗီယင်ကျန်း၏ အရှေ့မြောက်ဘက် ၁၂၅ ကီလိုမီတာခန့်အကွာ ဆိုင်စမ်ဘွန်းပြည်နယ်ရှိ လိုဏ်ဂူတစ်ခုအတွင်းသို့ မေ ၂၀ ရက်တွင် ဝင်ရောက်သွားခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာ၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ ကျေးရွာသားများသည် ရွှေရှာဖွေရန် ဝင်ရောက်သွားခဲ့ခြင်းဖြစ်သော်လည်း မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှုများကြောင့် ထွက်ပေါက်ပိတ်ကာ ဂူအတွင်းပိတ်မိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



ပျောက်ဆုံးနေသူများကို ရှာဖွေရန်အတွက် လိုဏ်ဂူအတွင်းသို့ ကယ်ဆယ်ရေးသမားများ ဝင်ရောက်ရန် ကြိုးပမ်းနေမှုကို မေ ၂၆ ရက်က တွေ့ရစဉ်။

## ကွန်ဂို၊ ယူဂန်ဒါတို့မှ လာရောက်သူ၊ ဖြတ်သန်းသွားလာခဲ့သူများ ထိုင်းနိုင်ငံသို့လာရောက်လျှင် ၂၁ ရက်ကြာ ကွာရင်တင်းဝင်ရမည်




**ဘန်ကောက် မေ ၂၇**

ထိုင်းနိုင်ငံသည် အသက်အန္တရာယ်စိုးရိမ်ရသော အီဘိုလာကပ်ရောဂါ အကျပ်အတည်း ဆိုးရွားစွာဖြစ်ပွားနေသည့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ သို့မဟုတ် ယူဂန်ဒါနိုင်ငံတို့မှ လာရောက်သူ သို့မဟုတ် ယင်းနိုင်ငံများကို ဖြတ်သန်းသွားလာခဲ့သူများအတွက် ၂၁ ရက်ကြာ ကွာရန်တင်းဝင်ရမည့် အမိန့်ကို မေ ၂၆ တွင် ထုတ်ပြန်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နိုင်ငံတကာကျန်းမာရေးဆိုင်ရာ သတိပေးချက်တစ်ရပ် ထုတ်ပြန်ထားရသည့် အီဘိုလာရောဂါ ကူးစက်ပြန့်ပွားမှုစတင်ရာ ဗဟိုချက်ဖြစ်ပွားရာနေရာ ဖြစ်သည်။

မေ ၁၅ ရက်တွင် ကင်ရှာဆာမြို့၌ ရောဂါကူးစက်ပြန့်ပွားမှုကို ကြေညာခဲ့ပြီးနောက်ပိုင်း အဆိုပါရောဂါကြောင့် လူ ၂၀၄ ဦး သေဆုံးခဲ့ပြီး ရောဂါပိုးကူးစက်ခံရနိုင်ခြေရှိသူ ၈၆၇ ဦး ရှိနေသည်ဟု ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ရုံးပိတ်ရက်အတွင်း ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဂျပန်နိုင်ငံ၏ နှစ်ကေးစတော့ရှယ်ယာအညွှန်းကိန်း စံချိန်တင်အမြင့်ဆုံးသို့ ရောက်ရှိလာသည်ဟု ဆို

**တိုကျို မေ ၂၇**

ဂျပန်နိုင်ငံ၏ နှစ်ကေးစတော့ရှယ်ယာအညွှန်းကိန်းသည် ဘဏ္ဍာရေးနှင့် အခြားတန်ဖိုးရှိရှယ်ယာများ ကျဆင်းမှုကို အညွှန်းကိန်း၏ အဓိကအခန်းကဏ္ဍမှ ပါဝင်သော မိုက်ခရိုချစ်ပ်နှင့် ဆက်စပ်သည့် ရှယ်ယာများ တိုးတက်လာမှုက ကျော်လွန်သွားခဲ့သဖြင့် မေ ၂၇ တွင် စံချိန်တင်အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နှစ်ကေးညွှန်းကိန်းသည် နေ့အစောပိုင်းတွင် ၂ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး နေ့အလိုက် အမြင့်ဆုံးစံချိန် ၆၆၄၂၈ ဒသမ ၈၁ သို့ ရောက်ရှိခဲ့ပြီးနောက် ဂရင်းနစ်စံတော်ချိန် ၁ နာရီ ၄၇ မိနစ်တွင် ၁ ဒသမ ၂၅ ရာခိုင်နှုန်း မြင့်တက်ကာ ၆၅၈၁၁ ဒသမ ၇၈ တွင်ရှိနေသည်။ ပိုမိုကျယ်ပြန့်သော တိုပစ်စတော့ညွှန်းကိန်းသည်လည်း ၀ ဒသမ ၁၅ ရာခိုင်နှုန်း အနည်းငယ်မြင့်တက်ပြီး ၃၉၄၄ ဒသမ ၁၉ သို့ ရောက်ရှိသည်။

နည်းပညာရှယ်ယာများက ခိုင်မာသော အကျိုးအမြတ်များ ပေးဆောင်နေချိန်တွင် တန်ဖိုးရှိရှယ်ယာများကို ဝယ်ယူရန် မလိုသောကြောင့် ယင်းရှယ်ယာများ ချန်လှပ်ခံထားရပြီး ရင်းနှီးမြှုပ်နှံသူများ၏ ငွေကြေးများသည် အလားအလာကောင်းမွန်သော ချစ်ပ်နှင့်ဆက်စပ်သည့် ရှယ်ယာများပေါ်တွင်သာ စုပြုံနေကြောင်း သိရသည်။

Mon

## ရာသီပေါ်သီးနှံများ အမြောက်အမြား ပေါ်ထွက်လာသဖြင့် ဒူးရင်းသီးဈေးနှုန်းများ တရုတ်ဈေးကွက်၌ ထိုးဆင်းသွား

**ပေကျင်း မေ ၂၇**


တင်သွင်းမှုများ အဆမတန်မြင့်တက်လာခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုမြန်ဆန်လာခြင်းနှင့် ရာသီပေါ်သီးနှံများ အမြောက်အမြား ပေါ်ထွက်လာခြင်းတို့ကြောင့် စားသုံးသူများအနေဖြင့် အဆိုပါ အပူပိုင်းဒေသသီးနှံကို ပိုမိုသက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်လာပြီး ဒူးရင်းသီးဈေးနှုန်းများ တရုတ်ဈေးကွက်၌ ထိုးဆင်းသွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လက်ကားဈေးကွက် အချက်အလက်များနှင့် လက်လီရောင်းချသူများ၏ ပြောကြားချက်အရ အချို့သော ဒူးရင်းသီးမျိုးစိတ်များ၏ ဈေးနှုန်းများသည် ယခင်နှစ်ကထက် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။

ယခင်က တစ်လုံးလျှင် ယွမ် ၃၀၀ (၄၄ ဒေါ်လာ)မှ ယွမ် ၄၀၀ အထိ ဈေးနှုန်းရှိခဲ့သော ဒူးရင်းသီးများကို ယခုအခါ အချို့သော ဈေးကွက်များတွင် ယွမ် ၁၀၀ အောက်ဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။

ဈေးကွက်အတွင်း အဓိကရောင်းချနေသည့် ထိုင်းနိုင်ငံထုတ် မွန်ထောင်ဒူးရင်းသီး အမျိုးအစားသည် အင်္ဂါနေ့တွင် ပေကျင်းရှင်းဖာသီ လက်ကားဈေးကွက်၌ ၅၀၀ ဂရမ်လျှင် ပျမ်းမျှလက်ကားဈေး ယွမ် ၂၄ ဒသမ ၁၅ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယင်းဈေးနှုန်းသည် ယခင်နှစ်ကာလတူဈေးနှုန်းနှင့် အတူတူပင်ဖြစ်သော်လည်း ဧပြီလအစောပိုင်းကထက် ၁၄ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း သိရသည်။

Mon



## ဘရပ်ဆဲလ်အနောက်မြောက်ဘက်ရှိ ဘတ်ဂန်ဟောက်မြို့အနီး အရှိန်ပြင်းသော မီးရထားက ဘတ်စ်ကားငယ်ကို ဝင်တိုက်မိ

**ဘရပ်ဆဲလ် မေ ၂၇**

ဘယ်လ်ဂျီယံနိုင်ငံတွင် ရထားလမ်းတစ်ခုကို ဖြတ်သန်းမောင်းနှင်သည့် အထူးလိုအပ်ချက်ရှိသော ကလေးငယ်များ တင်ဆောင်လာသည့် ဘတ်စ်ကားငယ်တစ်စီးကို အရှိန်ပြင်းစွာမောင်းနှင်လာသော မီးရထားတစ်စင်းက ဝင်တိုက်မိရာ ကလေးငယ်နှစ်ဦးအပါအဝင် အနည်းဆုံး လူလေးဦး သေဆုံးကြောင်း သိရသည်။

ဘရပ်ဆဲလ်မြို့တော်၏ အနောက်မြောက်ဘက် ၃၀ ကီလိုမီတာ (မိနစ် ၂၀ ခရီး) အကွာရှိ ဘတ်ဂန်ဟောက်မြို့အနီးတွင် လူကိုးဦးတင်ဆောင်လာသော အဆိုပါဘတ်စ်ကားငယ်သည် နံနက်ခင်းလူစည်ကားချိန်၌ ပိတ်ထားသည့် ရထားလမ်းဂိတ်တံခါးများကို ဖြတ်သန်းမောင်းနှင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရထားသည် ရထားလမ်းကူးသို့ ချဉ်းကပ်လာစဉ် ခန့်မှန်းခြေ တစ်နာရီလျှင် ၁၂၀ ကီလိုမီတာ (၇၅ မိုင်) နှုန်းဖြင့် မောင်းနှင်နေခြင်းဖြစ်ပြီး ဘရိတ်အုပ်ရန် အချိန်မရခဲ့ကြောင်း ဘယ်လ်ဂျီယံရထားလုပ်ငန်းအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ရှင်းလင်းပြောကြားသည်။

အခင်းဖြစ်ပွားစဉ် အသက် ၄၉ နှစ်အရွယ် ဘတ်စ်ကားဒရိုင်ဘာနှင့် အသက် ၂၇ နှစ်အရွယ် အဖော်လိုက်ပါစောင့်ရှောက်သူတစ်ဦးတို့သည် အသက် ၁၂ နှစ်နှင့် ၁၅ နှစ်အရွယ် ကလေးငယ်နှစ်ဦးနှင့်အတူ သေဆုံးကြောင်း သိရသည်။

Mon

STOP AIDS




## အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်း တားဆီးကာကွယ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း မေ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ဗလမင်းထင်ခန်းမ၌ ယမန်နေ့က အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်း တားဆီးကာကွယ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာသူများက မြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရန် ကြိုတင်တားဆီးကာကွယ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး၌ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကိုလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**စိုင်းအောင်ဇော်လင်း**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးဟောပြောခြင်း ဆောင်ရွက်

**ခိုလမ် မေ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့၊ အမှတ်(၃)ရပ်ကွက်ရှိ စည်ပင်သာယာရေးဌာနပိုင် မြို့မဈေး၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးဘေးအသိပညာပေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်မှုများကို မြို့စည်ပင်သာယာရေးဌာန တာဝန်ခံ ဦးစီးအရာရှိ ဦးဇော်လင်းခိုင်နှင့် ခိုလမ်မြို့မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇင်မင်းဦးက ဈေးသူ၊ ဈေးသားများနှင့် ဒေသခံပြည်သူများအား မီးလောင်မှုအခြေခံသဘောတရားများ၊ မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံများနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ဈေးများမီးလောင်မှုဖြစ်ပွားပါက အလျင်အမြန် မီးငြိမ်းသတ်နိုင်ရေးအတွက် နေရာယူခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုခြင်း၊ ရေဖျန်းခြင်းများကို လက်တွေ့သရုပ်ပြသ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်မှုများကို ခိုလမ်မြို့ မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါ လက်တွေ့သရုပ်ပြ အခမ်းအနားသို့ မြို့စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းစိုး၊ မြို့အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မိုးကောင်းမြို့နယ်၊ ကျွန်းတောရပ်ကွက်၌ နေအိမ်မီးလောင်မှု ဖြစ်ပွား

**ကချင်ပြည်နယ် မေ ၂၇**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ကျွန်းတောရပ်ကွက်၌ မေ ၂၄ ရက် မွန်းလွဲ ၃ နာရီခန့်က ပိုင်ရှင် ဒေါ်ငုဝါလွင်(၃၈)နှစ်ဆိုသူ၏ ပေ ၃၀×၃၀၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ် နေအိမ်တွင် လျှပ်စစ်မီးခုံ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မိုးကောင်းမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် လေးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ ၃၀ ×၃၀၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ် နေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဒေါ်ငုဝါလွင် ဆိုသူအား မိုးကောင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀





## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မေ ၂၄ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က မကွေးမြို့နယ်၊ ကန်ဖျားကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် နတ်မောက်မြို့ဘက်မှ မကွေးမြို့ဘက်သို့ ဟန်မင်းကို(ခ)မင်းမင်း ဆိုသူ မောင်းနှင်လာသည့် TOYOTA LANDCRUISER PRADO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဟန်မင်းကို(ခ)မင်းမင်း(၄၈)နှစ် ဆိုသူအား မကွေးနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**မြစ်သား မေ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၄ ရက် ည ၁၁ နာရီ ၅၀ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၅၉ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြားရှိ ---ထမင်းဆိုင်ရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မြစ်သားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ လမ်းအတိုင်း မန္တလေးမြို့မှ ရန်ကုန်မြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးလင်းဇော်ဖြိုး(၄၀)နှစ် ဆိုသူ မောင်းနှင်လာသော FORLAND မော်တော်ယာဉ်သည် ထမင်းဆိုင်ရှေ့တွင် ရပ်တန့်ထားသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်နေ ဦးဘိုဘိုနိုင်(၃၀)နှစ်ဆိုသူ၏ SCANIA R CR19 ၂၂ ဘီးတွဲ မော်တော်ယာဉ်နောက်ပိုင်းအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးလင်းဇော်ဖြိုးဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် လင်းဇော်ဖြိုး ဆိုသူအား မြစ်သားမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှု ဖြစ်ပွား

**နေပြည်တော် မေ ၂၇**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၁၃၆/၆)နှင့်(၁၃၆/၇)အကြား၊ ရန်ကုန်-နေပြည်တော်သွား ကားလမ်းတွင် ယမန်နေ့ ညနေ ၃ နာရီက ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး လိုက်ပါလာသော Toyota Wish ယာဉ်သည် ရန်ကုန်-မန္တလေးကားလမ်းအတိုင်း ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ ယာဉ်မောင်းနှင့် လမ်းဘေးရှိ သစ်ပင်အား ဝင်တိုက်မိပြီး ရှေ့ဘီး ပြုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အခင်းဖြစ်နေရာသို့ အမြန်လမ်းရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာရသူ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့အား မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြကြောင်း သိရသည်။

(၀၅၇)

မြို့တွင်း တစ်နာရီ မိုင်(၃၀)
(၄၈)ကီလိုမီတာထက် ပိုမမောင်းရ။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် မေ ၂၇

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လုံးဝပြန်လည်အခြေချခြင်းမရှိစေရေး ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသော ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများကို ထပ်မံဆောင်ရွက်ခြင်းမပြုနိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးကို အဆောက်အအုံအမျိုးအစားအလိုက် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံး၊ ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ခွဲခြားသတ်မှတ်၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် လေးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် စုစုပေါင်းအဆောက်အအုံ ကိုးလုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ရာ ဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံ ၆၈ လုံး ကျန်ရှိနေသေးကြောင်းနှင့် ၎င်းတို့အား ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ တရားမဝင်အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော အဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

## အမျိုးသမီးငယ်ကို လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်ကာ ဗီဒီယိုရိုက်ကူးခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၂၇

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့တွင် အမျိုးသမီးငယ်ကို လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုလုပ်ကာ ဗီဒီယိုရိုက်ကူးခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နေ မ-------၊(၁၀/၂၀၂၆)နှစ်သည် အိမ်ချင်းကပ်လျက်ရှိသည့် ရွှေနဒီရွှေနှင့် စာရေးကိရိယာအရောင်းဆိုင်မှ ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းလွင်ဦး(ခ)ကိုလေး (၆၁)နှစ် (ဘ)ဦးမြကျော် ပန်းထိမ်ဆရာ အမှတ်(၅)ရပ်ကွက် လယ်ဝေးမြို့နေသူနှင့် ခင်မင်ရင်းနှီးခဲ့ပြီး ဆိုင်သို့ မကြာခဏသွားရောက်ဆော့ကစားလေ့ရှိကြောင်း၊ ၂၀၂၃ ခုနှစ်(ရက်/လ)မမှတ်မိတွင် ဦးဝင်းလွင်ဦး(ခ)ကိုလေးသည် မှန်ကောင်တာနောက်ရှိ ထိုင်ခုံပေါ်တွင်ထိုင်၍ ၎င်းအား ပေါင်ပေါ်တွင်ထိုင်စေပြီး ပွေ့ဖက်ခြင်း၊ လိင်အင်္ဂါအားကိုင်တွယ်ခြင်းများ ပြုလုပ်ခဲ့ပြီး ထိုသို့ပြုလုပ်နေစဉ် ဦးဝင်းလွင်ဦး(ခ)ကိုလေးက ၎င်းအား ဖုန်းပေးကိုင်၍ ဂိမ်းဆော့စေခိုင်းထားကြောင်း။

နောက်တစ်နေ့တွင် ဦးဝင်းလွင်ဦး(ခ)ကိုလေးက ဆိုင်ပိုင်ရှင်များမရှိသည့်အချိန်တွင် အိမ်အပေါ်ထပ်ရှိ ဘုရားခန်းသို့ခေါ်ဆောင်၍ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်ကာ ဗီဒီယိုရိုက်ကူးခဲ့ကြောင်း၊ ဦးဝင်းလွင်ဦး(ခ)ကိုလေးက အဆိုပါဗီဒီယိုများအား Kolay 147147@gmail.com Google Drive တွင် သိမ်းဆည်းထားရှိခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (နေပြည်တော်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ လယ်ဝေးမြို့မရဲစခန်း (ပ)၅၂/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး မေ ၂၅ ရက်တွင် လယ်ဝေးခရိုင်တရားရုံးမှ တရားခံဦးဝင်းလွင်ဦး(ခ)ကိုလေးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အခွန်ဆိုင်ရာသိကောင်းစရာ ရှင်းလင်းဟောပြောပွဲ ကျင်းပ




ပုသိမ်ကြီး မေ ၂၇

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မေတ္တာစံအိမ် မင်္ဂလာခန်းမတွင် မေ ၂၆ ရက် နံနက် ၁၀နာရီက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှ ကျင်းပသော "အခွန်ဆိုင်ရာ သိကောင်းစရာ ပညာပေးရှင်းလင်းဟောပြောပွဲ" ကျင်းပခဲ့သည်။ (ဓါတ်ပုံ)

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးတက်ထွဋ်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပုသိမ်ကြီးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းက အမှာစကားပြောကြား၍ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မော်မော်ခိုင်က အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့သည်။ တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် လုပ်ငန်းရှင်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ပြီး အပြန်အလှန် မေးခွန်းများမေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စာနည်းကိုကို(ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ။

## မကွေးမြို့၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် လေ့ကျင့်သရုပ်ပြ

မကွေး မေ ၂၇

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ မီးဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မကွေးမြို့နယ်အတွင်းရှိစက်ရုံ၊ အလုပ်ရုံများ၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ KTV ကာရာအိုကေလုပ်ငန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများနှင့် ရုံးဌာနများသို့ သွားရောက်၍ မီးဘေးလုံခြုံရေးအခြေအနေများကို စစ်ဆေးပြီး မီးငြိမ်းသတ်ရေးပစ္စည်းများ အသုံးပြုတတ်စေရန် ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



မောင်ခိုင်မင်း(ပြန်/ဆက်)

# နိုင်ငံတကာ အားကစား သတင်းများ

## 2026 Libema Open တင်းနစ်ပြိုင်ပွဲ ဇွန် ၈ ရက်တွင် စတင်မည်

**လန်ဒန် မေ ၂၇**

နယ်သာလန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Libema Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇွန် ၈ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Libema Open တင်းနစ်ပြိုင်ပွဲကို ဇွန် ၈ ရက်မှ ၁၅ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2026 Libema Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Libema Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ကနေဒါ တင်းနစ်ကစားသမား Gabriel Diallo နှင့် ဘယ်လ်ဂျီယံ တင်းနစ်မယ် Elise Mertens တို့ ဖြစ်သည်။ **(အောက်ပုံ) (NGB)**




## အန်ဒီရောဘတ်ဆန်ကို ခေါ်ယူရန် စပါးအသင်းစီစဉ်

**လန်ဒန် မေ ၂၇**

စပါးအသင်းသည် လီဗာပူးအသင်းမှ ထွက်ခွာလာသည့် ဝါရင့်နောက်ခံကစားသမား အန်ဒီရောဘတ်ဆန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၈ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



နောက်ခံကစားသမား အန်ဒီရောဘတ်ဆန်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်တွင် ပြန်လည်ကစားလိုခြင်းကြောင့် စပါးအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် နောက်ခံကစားသမား အန်ဒီရောဘတ်ဆန်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**

## အေဒရီရန် ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် မေ ၂၇**



ဝက်စ်ဟမ်းအသင်း ဂိုးသမားဟောင်း အေဒရီရန်သည် ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဘက်တစ်၊ ဝက်စ်ဟမ်း၊ လီဗာပူး စသည့်အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သည်။

အသက်(၃၉)နှစ်အရွယ်ရှိ အေဒရီရန်က "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## လူကာလက်ဇာရီနီ ဖီအိုရင်တီးနားအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် မေ ၂၇**



ဖီအိုရင်တီးနားအသင်းသည် ဂိုးသမား လူကာလက်ဇာ ရီနီကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဂိုးသမားသည် အသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီအိုရင်တီးနားအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဖီအိုရင်တီးနားအသင်း၏ ထုတ်ပြန်ချက်တွင် "လူကာလက်ဇာရီနီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာ အသင်းအတွက် အားထားရတဲ့ ဂိုးသမားတစ်ယောက်ပါ။ အသင်းအနေနဲ့လည်း နောက်ထပ်ကျန်ရှိနေတဲ့ ကစားသမားတွေကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ) (NGB)**

## နည်းပြ ဂတ်တူဆိုကို နည်းပြသစ်အဖြစ် လာဇီယိုအသင်းခန့်အပ်

**မီလန် မေ ၂၇**



လာဇီယို အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြဂတ်တူဆိုကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် လာဇီယိုအသင်းနှင့်အတူ နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဂတ်တူဆိုသည် နည်းပြဘဝတစ်လျှောက်တွင် အေစီမီလန်၊ ပီဆာ၊ ဗလင်စီယာ၊ နာပိုလီ၊ မာဆေးလ် စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် လာဇီယိုအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၈)နှစ်အရွယ်ရှိ ဂတ်တူဆိုက "ကျွန်တော် အခုလို လာဇီယိုအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## ဖီးလ်နဗီးလ်ကို နည်းပြရာထူးမှ ပေါ့လန်းတမ်ဘားအသင်းထုတ်ပယ်

**ဝါရှင်တန် မေ ၂၇**

မေဂျာလိဂ်ကလပ် ပေါ့လန်းတမ်ဘားအသင်းသည် ရလဒ်များ ဆိုးရွားနေခြင်းကြောင့် နည်းပြ ဖီးလ်နဗီးလ်ကို ရာထူးမှ ထုတ်ပယ်ခဲ့သည်။

ပေါ့လန်းတမ်ဘားအသင်းသည် မေဂျာလိဂ် အနောက်ပိုင်း ကွန်ဖရင့်လိဂ်အမှတ်ပေးဇယား အဆင့်(၁၃)နေရာတွင် ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားခြင်းကြောင့် နည်းပြ ဖီးလ်နဗီးလ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**



နည်းပြ ဖီးလ်နဗီးလ်သည် ပေါ့လန်းတမ်ဘားအသင်းကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၉၅ ပွဲတွင် ၃၃ပွဲနိုင်၊ ၂၆ပွဲသရေ၊ ၃၆ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ပေါ့လန်းတမ်ဘားအသင်း၏ ထုတ်ပြန်ချက်တွင် "ဖီးလ်နဗီးလ်ကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**

## ကိုလံဘီယာလက်ရွေးစင်အသင်း ကစားသမား ၂၆ ဦးစာရင်းထုတ်ပြန်

**လန်ဒန် မေ ၂၇**

ကိုလံဘီယာလက်ရွေးစင်အသင်းသည် ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားသမား၂၆ ဦးစာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

ကိုလံဘီယာလက်ရွေးစင်အသင်းထုတ်ပြန်သည့် ကစားသမားစာရင်းတွင် ဂိုး-ကာမီလိုဗားဂတ်စ်၊ အယ်လ်ဗာရိုမွန်တီရို၊ ဒေးဗစ်အော့စ်ပီနာ၊ နောက်တန်း-ဂျိုဟန်မိုဟီကာ၊ ဒေဗာမာချာဒို၊ ဒန်နီရယ်မူညို့ဇ်၊ ဒါဗင်ဆန်ဆန်းချက်ဇ်၊ ဂျွန်လူကူမီ၊ ယာရီမီနာ၊ ဝီလာဒစ်တာ၊ အာရီယပ်စ်၊ ကွင်းလယ်-ဂျက်ဖာဆန်လာမာ၊ ရစ်ချက်ရီးယော့စ်၊ ကီဗင်ကက်စတာနို၊ ဟော်ဟီကာရက်စကယ်၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ဟွမ်ဖာနန်ဒိုကင်တီရို၊ ဂူစတာဗိုပူအာတာ၊ ဟွမ်ကာမီလိုပေါ်တီလာ၊ ဂျွန်အာရီယပ်စ်၊ ကမ်ပက်ဇ်၊ ရှေ့တန်း-ဂိုမက်ဇ်၊ လူးဝစ်ဆွာရက်ဇ်၊ ဂျွန်ကော်ဒိုဘာ၊ ဟာနန်ဒက်ဇ်၊ လူးဝစ်ဒီယက်ဇ်တို့ အသီးသီး ပါဝင်လာခဲ့သည်။



ကိုလံဘီယာအသင်းသည် အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲကို ခုနစ်ကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

ကိုလံဘီယာအသင်းသည် ၂၀၂၆ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၈ ရက်တွင် ဥဇဘက်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**(ဝဲပုံ) (NGB)**

## မက်ဆီ တံကောက်ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ် အနားယူရဖွယ်ရှိ

**ဝါရှင်တန် မေ ၂၇**

အင်တာမိုင်ယာမီ အသင်း တိုက်စစ်မှူး မက်ဆီသည် တံကောက် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ် အနားယူရဖွယ် ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် အင်တာမိုင်ယာမီအသင်းက ဖယ်လာဒယ်ဖီယာယူနီယံအသင်းကို ခြောက်ဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် တံကောက်ကြွက်သား ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။



တိုက်စစ်မှူး မက်ဆီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အင်တာမိုင်ယာမီအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ၂၀၂၃ခုနှစ်မှ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲစုံ ပွဲပေါင်း ၁၀၄ပွဲကစားကာ ဂိုး ၉၀ အထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။ **(ဝဲပုံ)**

**(NGB)**

### နိုင်ငံတကာခြေစမ်းပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၂၈-၅-၂၀၂၆ ညနေ ၆း၃၀ နာရီ | အီဂျစ် - ရုရှား |
| ။ | အီရန် - ဂမ်ဘီယာ |
| ၂၉-၅-၂၀၂၆ နံနက် ၀၁း၁၅ နာရီ | အိုင်ယာလန် - ကာတာ |




## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ကျိုင်းတုံ မေ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ပြည်နယ်ဒုတိယအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန(ကျိုင်းတုံ) ရုံးတွင် ကျင်းပရာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးတင်လင်းက အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ပြည်နယ်ခွဲဦးစီးမှူး ဦးသန့်ဇင်ထွန်းက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းအား ရှင်းလင်းတင်ပြရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌက လိုအပ်သည်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလားအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဟိုပုံး မေ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် မြန်မာ့ဘောလုံး အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်းမြင့်တင်ရေးနှင့် မျိုးဆက်သစ်ဘောလုံး အားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲက မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေက ဘောလုံးပြိုင်ပွဲအား ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဘောလုံးဝါသနာရှင်များက ခမ်းပါပန့် အမျိုးသားဘောလုံးအသင်းနှင့် မြို့ဦးကွက်သစ် အမျိုးသား ဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို မေ ၂၅ ရက်မှ ဇွန် ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းပေါင်း ၂၈ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၃၆၈)



## (၆၄)ကြိမ်မြောက် မြန်မာနိုင်ငံစက်ဘီးတံခွန်စိုက်ပြိုင်ပွဲ ကျင်းပမည်



**မန္တလေး မေ ၂၇**

(၆၄) ကြိမ်မြောက် ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံစက်ဘီးတံခွန်စိုက်ပြိုင်ပွဲကို လာမည့် ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ သိရသည်။ (ဝဲပုံ)

အဆိုပါ ပြိုင်ပွဲကို မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားသုံးမျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲအစီအစဉ်များ အနေဖြင့် ဇွန် ၂၆ ရက်တွင် လှည်းကူးမြို့နယ်၌ လမ်းဘေးစက်ဘီးစီးပြိုင်ပွဲ(Road Race)အမျိုးအစားကိုလည်းကောင်း၊ ဇွန် ၂၇ ရက်တွင် တိုက်ကြီးမြို့နယ်၌ တောင်တက်စက်ဘီးစီးပြိုင်ပွဲ (MTB XCO) အမျိုးအစားကိုလည်းကောင်း၊ ဇွန် ၂၈ ရက်တွင် သုဝဏ္ဏအားကစားကွင်းရှိ Stadium Track ၌ ပတ်လမ်းစက်ဘီးစီးပြိုင်ပွဲ(Criterium) အမျိုးအစားကိုလည်းကောင်း အသီးသီး ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲ၏ အမှတ်ပေးစနစ်သတ်မှတ်ချက်အရ လမ်းဘေးစက်ဘီးစီးပြိုင်ပွဲ (Road Race) နှင့် ပတ်လမ်းစက်ဘီးစီးပြိုင်ပွဲ (Criterium) တို့မှ ရရှိသည့် ရမှတ်များကို ပေါင်းစပ်၍ သတ်မှတ်မည်ဖြစ်ပြီး၊ တောင်တက်စက်ဘီးစီးပြိုင်ပွဲ (MTB XCO) ကိုမူ သီးခြားပြိုင်ပွဲအဖြစ် ရမှတ်သတ်မှတ်ပေးသွားမည်သည်။

အဆိုပါ ပြိုင်ပွဲသို့ နိုင်ငံတစ်ဝန်းရှိ စက်ဘီးကလပ်အသင်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လက်ရွေးစင် စက်ဘီးစီးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းသိရပြီး၊ ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၈ ရက်တွင် သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) စီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**ပြင်ဦးလွင် မေ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် အတွက် ဆေးတလုံးကျေးရွာအုပ်စု၊ ဆေးတလုံးကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေများ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက၊ ဆေးတလုံးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ထုတ်ချေးခဲ့သည်။

(အောက်ပုံ)

ထိုသို့ ထုတ်ချေးရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်၊ ပြင်ဦးလွင်မြို့နယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးသော်ဇင်လင်းတို့ တက်ရောက်ခဲ့သည်။ ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF) စီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သတ်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းဇော်က ဆေးတလုံးကျေးရွာအုပ်စု၊ ဆေးတလုံးကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)ဖြင့် ဂန္ဓမာပန်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့အား ရန်ပုံငွေကျပ် ၃၀ သန်းအား ထုတ်ချေးခဲ့သည်။

ဆက်လက်၍ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ဖြင့် ဆေးတလုံးကျေးရွာအုပ်စု၊ ဆေးတလုံးကျေးရွာ၌ ဂန္ဓမာပန်းစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မည့် အသက်မွေး ဝမ်းကျောင်းအဖွဲ့လေးဖွဲ့ အဖွဲ့ဝင် ၂၀ ဦးအား ထုတ်ချေးငွေကျပ် ၃၀သန်းထုတ်ချေးပေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်ထံက သိရသည်။

**အောင်ရဲကျော်**

၀-၀-၀-၀-၀



## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ဝန်ထမ်းများနှင့် တွေ့ဆုံ သင်တန်းထူးချွန်ဆုများ ပေးအပ်၊ စားသုံးဆီများထောက်ပံ့

**မန္တလေး မေ ၂၇**

အားကစားရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် မေ ၂၆ ရက် နံနက် ၁၀ နာရီက ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့်အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံပွဲအခမ်းအနားကို ကြက်တောင်အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာသည့် ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် ကျောင်းအုပ်ကြီးက ပြန်လည်ရှင်းလင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(မန္တလေး)သို့ တက်ရောက်မည့် အရာထမ်းအား ထောက်ပံ့စရိတ်ပေးအပ်ခြင်း၊ နည်းပြစွမ်းဆောင်မှုမြင့်တင်ရေး သင်တန်းတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခြင်း၊ ကလေးပြုစုစောင့်ရှောက်စရိတ်ပေးအပ်ခြင်းနှင့် ဝန်ထမ်းသက်သာချောင်ချိရေး အတွက်စားသုံးဆီများ ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(၀၄၅)



## မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မန္တလေး မေ ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ ဦး၊ ရေး၊ ထောက်၊ ငွေစာရင်း၊ အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၆ ရက် နံနက် ၉ နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၂၉ လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်း၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများက တင်ပြချက်များကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။




ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရှိုင်းဝေမိုးက မန္တလေးခရိုင်အတွင်းရှိ လက်ထောက်မီးသတ်ဦးစီးမှူးရာထူးမှ ဒုတိယမီးသတ်ဦးစီးမှူးရာထူးသို့ တိုးမြှင့်ခန့်အပ်ခြင်းခံရသော တပ်ဖွဲ့ဝင်ငါးဦးအား ရာထူး အဆင့်တံဆိပ်များ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)



## သဘာဝဘေးကြိုတင်ကာကွယ်ရန် ရှာဖွေကယ်ဆယ်ရေး စုဖွဲ့ထားရှိမှုနှင့် ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်

**ရပ်စောက် မေ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဗထူးတပ်နယ်မှ သင်တန်းကျောင်း၊တပ်ရင်းတပ်ဖွဲ့များနှင့်သဘာဝဘေး အန္တရာယ်တားဆီးကာကွယ်ရေးကြီးကြပ်မှုကော်မတီမှ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေး အသင့်စုဖွဲ့ထားရှိမှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်မှု အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဗထူးတပ်နယ် အားကစားကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗထူးနယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ဇေယျာလင်းနှင့် တပ်နယ်မှအရာရှိများ၊ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးနိုင်နှင့် အဖွဲ့ဝင်များက သဘာဝဘေးဖြစ်ပွားလာပါက ချက်ချင်းတုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် မီးသတ်ယာဉ်များ၊ လူနာတင်ယာဉ်များ၊ ရှင်းလင်းရေးယာဉ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားရှိမှု အခြေအနေများကို စစ်ဆေးကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဖြိုးမင်း ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများ၊ ရှေးဦးသူနာပြုစုခြင်း၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြု၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အား ဇာတ်တိုက်လေ့ကျင့် သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ဗထူးတပ်နယ်မှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၅)**

## စီမံကိန်းအသစ်များနှင့်အတူ ပြန်လည်အသက်ဝင်လာသည့် မန္တလေးမြို့သစ် အိမ်ခြံမြေဈေးကွက်

**မန္တလေး မေ ၂၇**

မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်သည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေ အရပ်ရပ်တို့နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပြီး အစိုးရ၏ မူဝါဒအပြောင်းအလဲများ၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် အခြေခံအဆောက်အအုံတိုးတက်မှုများအပေါ်မူတည်ကာ ဈေးကွက်လှုပ်ရှားမှုများ အမြဲတမ်းပြောင်းလဲဖြစ်ပေါ်လေ့ရှိသည်။

ယခုအချိန်တွင်မူ အစိုးရသစ်၏ ရက်(၁၀၀) စီမံကိန်းများနှင့်ဆက်စပ်၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံနှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လာကြောင်း အထင်အရှား မြင်တွေ့နေရပြီ ဖြစ်သည်။ ထိုကဲ့သို့ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာမှုများကြောင့် မန္တလေးမြို့သစ် အိမ်ခြံမြေဈေးကွက်အတွင်းသို့ ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းတိုးချဲ့လိုသူများနှင့် အိမ်ခြံမြေအမှန်တကယ် ဝယ်ယူလိုသူများ၏ စိတ်ဝင်စားမှုများမှာ ယခင်ကထက်များစွာ တိုးတက်မြင့်မားလာခဲ့သည်။

ဈေးကွက်အတွင်း အရောင်းအဝယ်လှုပ်ရှားမှုများကို လေ့လာကြည့်ရာတွင်လည်း ယခုမေလ၏ နောက်ဆုံးပတ်ကာလအတွင်း၌ သိသိသာသာ ပြန်လည်သွက်လက်လည်ပတ်လာနေပြီဖြစ်ကြောင်းကို အိမ်ခြံမြေအကျိုးဆောင်များနှင့် လုပ်ငန်းရှင်များထံမှ စုံစမ်းသိရသည်။

မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးစီးပွားရေးမြို့တော်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်း၏ အဓိကကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဗဟိုချက်ဖြစ်ခြင်းကြောင့် မြို့ပြချဲ့ထွင်မှုနှုန်းမှာလည်း နှစ်စဉ်မပြတ် တိုးတက်လျက်ရှိသော ဒေသတစ်ခု ဖြစ်သည်။

ထို့ကြောင့်ပင် မြို့သစ်ဧရိယာများ၌ လူနေထိုင်မှုအိမ်ခြေများ၊ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များမှာ တစ်နေ့တခြား တိုးပွားလာနေပြီး အထူးသဖြင့် ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးဆဲ ဧရိယာများတွင် မြေကွက်နှင့် အိမ်ခြံမြေ အရောင်းအဝယ်များ ပိုမိုအသက်ဝင်လာသည်။

အိမ်ခြံမြေလောကတွင် အခြေခံအဆောက်အအုံ တိုးတက်မှုသည် အိမ်ခြံမြေတန်ဖိုးကို မြှင့်တင် ပေးသည်ဟူသော စည်းမျဉ်းအတိုင်း ရက်(၁၀၀)စီမံကိန်းတွင် ပါဝင်သည့် လမ်း၊ တံတား၊ ရေ၊ မီးနှင့် ဆေးရုံ၊ ကျောင်း စသည့် အဆင့်မြှင့်တင်မှုများကြောင့် မြို့သစ်ဧရိယာများ၏ မြေတန်ဖိုးမှာ တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိနေသည်။

လက်ရှိဈေးကွက်အတွင်း ဝယ်ယူသူများ၏ စိတ်ဝင်စားမှု ပုံစံမှာ မြေကွက်အကျယ်ကြီးများထက် ချက်ချင်းတက်နေထိုင်နိုင်သော အသင့်နေအိမ်များနှင့် လူငယ်မိသားစုများ၊ အလတ်တန်းစားများ လက်လှမ်းမီနိုင်သော ဈေးနှုန်းသင့်တင့်သည့် မြေကွက်ငယ်များအပေါ် ပိုမိုဦးတည်နေပြီး သာမန်ဝယ်ယူသူများပါ ပါဝင်လာသည့် ဈေးကွက်ပုံစံသို့ ပြောင်းလဲလာသည်။

အနှစ်ချုပ်ရလျှင် အစိုးရသစ်၏ ရက်(၁၀၀)စီမံကိန်းများသည် စီးပွားရေးနှင့် မြို့ပြဖွံ့ဖြိုးမှုကို အရှိန်မြှင့်တင်ပေးနိုင်ခဲ့ပြီး မန္တလေးမြို့သစ် အိမ်ခြံမြေဈေးကွက်ကို ပြန်လည်နိုးထလာစေခဲ့ရာ အနာဂတ်မြို့ပြချဲ့ထွင်မှု အလားအလာကောင်းများကြောင့် လာမည့်ကာလများတွင်လည်း စိတ်အဝင်စားဆုံး ဧရိယာတစ်ခုအဖြစ် ဆက်လက်ရပ်တည်နေမည်ဖြစ်ပါကြောင်း တင်ပြရေးသားအပ်ပါသည်။

(ဝ၆၆)



## ဓာတ်မြေသြဇာသိုလှောင်ရုံများ မီးဘေးအန္တရာယ်ကာကွယ်ရေးစစ်ဆေး

**ပျော်ဘွယ် မေ ၂၇**

ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနမှဦးဆောင်၍ သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်သောအဖွဲ့သည် စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်များမှ သိုလှောင်ထားသော အမိုနီယမ်နိုက်ထရိတ်နှင့်ဆက်စပ်သည့် ဓာတ်မြေသြဇာများ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် စစ်ဆေးခြင်းကို မေ ၂၆ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အတွင်းရှိ သိုလှောင်ရုံများသို့ သွားရောက်စစ်ဆေးခဲ့သည်။

ထို့ကဲ့သို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဆန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးနှင့်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဓာတ်မြေသြဇာသိုလှောင်ရုံ တည်ဆောက်ထားမှု၊ လေဝင်လေထွက်ရရှိမှု၊ မီးလောင်လွယ်သော အခြားပစ္စည်းများနှင့် တွဲဖက်သိုလှောင်ခြင်း ရှိ၊ မရှိ၊ မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာများ၊ လိုအပ်သော အကြံဉာဏ်ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ပုသိမ်ကြီးမြို့နယ် တောတွင်ကျေးရွာ VDP စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ပုသိမ်ကြီး မေ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် တောတွင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး VDP စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်စေလိုကြောင်း စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VD)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် တောတွင်ကျေးရွာ VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။ (ဝဲပုံ)

**အောင်ရဲကျော်**

ကျန်းမာရေးကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## ဒူးရင်းသြဇာ

**၁။ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးတယ်**

ဗီတာမင်စီနဲ့ အင်န်တီအောက်ဆီးဒင့် ကြွယ်ဝစွာပါဝင်လို့ ခန္ဓာကိုယ်တွင်း သွေးဖြူဥဆဲလ်တွေကို တိုးပွားစေပြီး ရောဂါပိုးမွှားတွေကို တိုက်ဖျက်ပေးပါတယ်။

**၂။ အစာခြေစနစ်ကို ကောင်းမွန်စေတယ်**

အမျှင်ဓာတ်(Fiber)မြင့်မားစွာ ပါဝင်လို့ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပြီး အူလမ်းကြောင်းကို ကျန်းမာစေပါတယ်။

**၃။ ရောင်ရမ်းမှုတွေကို လျှော့ချပေးတယ်**

ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုတွေကို လျှော့ချပေးနိုင်တဲ့ ဒြပ်ပေါင်းတွေ ပါဝင်လို့ အဆစ်အမြစ်နာကျင်ကိုက်ခဲတာနဲ့ ကြွက်သားနာကျင်တာတွေကို သက်သာစေပါတယ်။

**၄။ သဘာဝအတိုင်း အားအင်ပြည့်စေတယ်**

ဗီတာမင်ဘီဓာတ်စာတွေ ပါဝင်တဲ့အတွက် စားသုံးလိုက်တဲ့အစားအစာတွေကို ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ စွမ်းအင်အဖြစ် ပြောင်းလဲပေးပြီး တစ်နေ့တာလုံး လန်းဆန်းစေပါတယ်။

**၅။ အသားအရေကို စိုပြည်လှပစေတယ်**

အိုမင်းရင့်ရော်မှုကို နှေးကွေးစေပြီး အရေးအကြောင်းတွေကို သက်သာစေကာ အသားအရေကို ဝင်းပနုပျိုစေပါတယ်။

**၆။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးတယ်**

သွေးတွင်းက ဂလူးကို့စ်ပမာဏကို တည်ငြိမ်အောင် ကူညီပေးနိုင်လို့ ဆီးချိုအကြိုအဆင့်ရှိသူတွေနဲ့ ဆီးချိုသမားတွေအတွက် အထူးသင့်လျော်ပါတယ်။

**၇။ နှလုံးကျန်းမာရေးကို ထောက်ပံ့ပေးတယ်**

ပိုတက်စီယမ်နဲ့ မဂ္ဂနီစီယမ်ဓာတ်တွေ ပါဝင်လာလို့ သွေးပေါင်ချိန်ကိုမှန်ကန်စေပြီး သွေးလည်ပတ်မှုကို ကောင်းမွန်စေပါတယ်။

**၈။ စိတ်ဖိစီးမှုနဲ့ သောကတွေကို ပြေလျော့စေတယ်**

ဒူးရင်းသြဇာရွက်ကို ရေနွေးကြမ်းလုပ်ပြီး သောက်ရင် အာရုံကြောတွေကို ငြိမ်သက်စေပြီး အိပ်ပျော်စေဖို့ ကူညီပေးပါတယ်။

**၉။ ကူးစက်ရောဂါပိုးမွှားများမှ ကာကွယ်ပေးတယ်**

မှိုနဲ့ ဘက်တီးရီးယားတွေကို ဆန့်ကျင်တိုက်ဖျက်နိုင်တဲ့အာနိသင်ရှိလို့ ခန္ဓာကိုယ်ကိုအန္တရာယ်ရှိတဲ့ ပိုးမွှားတွေရန်မှ ကာကွယ်ပေးပါတယ်။

၁၀။ ကိုယ်အလေးချိန်ကို ထိန်းညှိပေးတယ်

ကယ်လိုရီပါဝင်မှုနည်းပြီး အမျှင်ဓာတ် များပြားတဲ့အတွက် ဗိုက်ပြည့်လွယ်စေပြီး အစာဖေ ခဏစားချင်စိတ်ကို လျှော့ချပေးပါတယ်။

**၁၁။ အသက်ရှူလမ်းကြောင်း ကျန်းမာစေတယ်**

အအေးမိခြင်း၊ ချောင်းဆိုးခြင်းနဲ့ တုပ်ကွေးလက္ခဏာတွေကို သက်သာစေဖို့ ရှေးရိုးဆေးနည်းအဖြစ် အသုံးပြုကြပါတယ်။

**၁၂။ အသည်းနဲ့ကျောက်ကပ်ကို ကူညီပေးတယ်**

ခန္ဓာကိုယ်တွင်းက အဆိပ်အတောက်တွေကို သဘာဝအတိုင်း သန့်စင်ပေးပြီး အသည်းနဲ့ကျောက်ကပ်ကို အလုပ်ကောင်းကောင်းလုပ်စေပါတယ်။

**၁၃။ ကင်ဆာရောဂါကို ကာကွယ်နိုင်စွမ်းရှိတယ်**

ဒူးရင်းသြဇာမှာ ကင်ဆာဆဲလ်တွေကို တိုက်ဖျက်နိုင်တဲ့ Acetogenins လို့ခေါ်တဲ့ ဒြပ်ပေါင်းပါဝင်တယ်လို့ ဓာတ်ခွဲခန်းသုတေသနပြုချက်အချို့အရ သိရပါတယ်။



## သံပရာစေ့

**၁။ ကိုယ်တွင်းက အဆိပ်အတောက်တွေကို ဖယ်ရှားပေးတယ်**

သံပရာစေ့စားပေးသင့်တဲ့အကြောင်းအရင်းတစ်ခုက ကိုယ်တွင်းက အဆိပ်အတောက်တွေ ကို ဖယ်ရှားပေးသောကြောင့် ဖြစ်ပါတယ်။ သံပရာရည် သောက်တဲ့အခါ သံပရာစေ့ကို ဝါးစားလိုက်ပါ။ ဒီလိုစားလိုက်တာက ကိုယ်တွင်းက အဆိပ်အတောက်တွေ၊ ကပ်ပါးပိုးတွေနဲ့ အခြားသော မလိုအပ်တဲ့ အရာတွေကို ထိထိရောက်ရောက် ဖယ်ရှားပေးနိုင်ပါတယ်။

**၂။ အကိုက်အခဲပျောက်စေတယ်**

သံပရာစေ့မှာ နာကျင်ကိုက်ခဲတာကို သက်သာစေနိုင်တဲ့ ဓာတ်တစ်မျိုးဖြစ်တဲ့ Salicylic Acid ပါဝင်ပါတယ်။ ဒါကြောင့် ကိုက်ခဲနေတာတွေကို သဘာဝအတိုင်း သက်သာချင်တယ်ဆိုရင် သံပရာစေ့ကို စားပေးပါ။

**၃။ သန့်ကျစေတယ်**

အစာခြေစနစ်ထဲက သန်တွေကျစေချင်တယ်ဆိုရင် သံပရာစေ့ကို ကြိတ်ပြီး ရေထဲမှာစိမ်လို့ရလာတဲ့အရည်ကို သောက်ပေးပါ။ ဒီလိုသောက်ပေးတာက အစာခြေစနစ်ထဲက သန်တွေကို ထိထိရောက်ရောက်ဖယ်ရှားပေးနိုင်ပါတယ်။

**၄။ အစာခြေစနစ်ကို ကျန်းမာစေတယ်**

သံပရာစေ့နဲ့ နောက်ထပ်ကျန်းမာရေး အာနိသင်တစ်ခုက အစာခြေစနစ်ထဲက ပိုးမွှားတွေ၊ မှိုပိုးတွေကို ဖယ်ရှားပေးပြီး အစာခြေစနစ် ပိုးဝင်ကူးစက်ခံရင်လည်း မြန်မြန်သက်သာစေပါတယ်။

**၅။ အရေပြားကို အာဟာရဖြည့်ပေးတယ်**

သံပရာစေ့ကလည်း သံပရာသီးလိုပဲ ဗီတာမင်စီကြွယ်ဝသောကြောင့် အသားအရေကို ကြည်လင်နုပျိုစေပါတယ်။ အရေပြားကို အာဟာရဖြည့်ပေးပြီး ကျန်းမာစေဖို့ အထောက်အကူပေးပါတယ်။

**၆။ ဝက်ခြံတွေကို သက်သာစေတယ်**

သံပရာစေ့က ဘက်တီးရီးယားတွေကို တိုက်ဖျက်ပေးနိုင်ပြီး ဝက်ခြံတွေကို သက်သာစေပါတယ်။ ဝက်ခြံ၊ အမာရွတ်တွေ မဖြစ်စေဖို့နဲ့ ဝက်ခြံပိုးဝင်ရောင်ရမ်းတာမျိုးမဖြစ်စေဖို့ ကာကွယ်ပေးပါတယ်။

**၇။ ဆီးလမ်းကြောင်း ပိုးဝင်တာကို သက်သာစေတယ်**

ဘက်တီးရီးယားတွေကို တိုက်ဖျက်ပေးနိုင်တဲ့ အာနိသင်ရှိတဲ့ သံပရာစေ့ကို ဆီးလမ်းကြောင်း ပိုးဝင်တာသက်သာစေဖို့အတွက်လည်း အသုံးပြုပေးလို့ရပါတယ်။

**၈။ ခြေသည်း၊ လက်သည်း မှိုစွဲတာကို သက်သာစေတယ်**

သံပရာရည်က ခြေသည်း၊ လက်သည်းမှိုစွဲတာကို သက်သာစေသလို သံပရာစေ့ကလည်း သက်သာစေပါတယ်။ ခြေသည်း၊ လက်သည်းတွေကို ကျန်းမာစေပါတယ်။





## မာလကာရွက်

ခန္ဓာကိုယ်ဖောရောင်တာ၊ ခြေထောက်တွေ တွဲကျပြီး ရောင်ရမ်းတာနဲ့ ဗိုက်ပူဗိုက်ကယ်ဖြစ်နေရင် ခန္ဓာကိုယ်တွင်း ဟန်ချက်ညီမှုကို ပြန်လည်ထိန်းညှိပေးပြီး ဖောရောင်တာတွေကို သဘာဝအတိုင်း သိသိသာသာလျော့ကျသွားနိုင်တာကတော့ မာလကာရွက်ပါပဲ။

မာလကာရွက်မှာပါဝင်တဲ့ သဘာဝဒြပ်ပေါင်းတွေဟာ ခန္ဓာကိုယ်ထဲမှာ မလိုအပ်ဘဲ စုပုံနေတဲ့ အရည်တွေနဲ့ ဆားဓာတ်တွေကို ဆီးကတစ်ဆင့် အလွယ်တကူ စွန့်ထုတ်ပေးပါတယ်။

သွေးလည်ပတ်မှုကို ကောင်းမွန်စေပြီး ဆဲလ်တွေကြားထဲ အရည်စုတာကို တားဆီးပေးတဲ့အတွက် လမ်းလျှောက်ရင် လေးလံပြီး ရောင်နေတဲ့ ခြေထောက်တွေကို သက်သာစေပါတယ်။

ဗိုက်ပူ၊ ဗိုက်ကယ်တာနဲ့ လေပွတာတွေကို ချက်ချင်းသက်သာစေပြီး ဝမ်းဗိုက်ကို ချပ်ရပ်ပေါ့ပါးသွားစေပါတယ်။

**မာလကာရွက်လက်ဖက်ရည်ပြုလုပ်နည်း**

မာလကာရွက် ငါးရွက်မှ ခုနစ်ရွက်ကို ရေစင်အောင်ဆေးပါ။ ရေတစ်ဖန်ခွက်စာ (သို့မဟုတ်) နှစ်ဖန်ခွက်စာနဲ့ ရေနွေးအိုးထဲထည့်ပြီး ရှစ်မိနစ်မှ ၁၀ မိနစ်ခန့် ပွက်ပွက်ဆူအောင် တည်ထားပါ။ ပြီးရင် အရွက်တွေကို စစ်ထုတ်ပြီး နွေးနွေးလေးသောက်သုံးနိုင်ပါပြီ။ (အရသာပိုကောင်းချင်ရင် ပျားရည် (သို့မဟုတ်) သံပရာသီးစိပ်လေးတစ်စိပ် ညှစ်ထည့်နိုင်ပါတယ်။)



## ဘုတလက်

ခန္ဓာကိုယ်အတွက် ခွန်အားဖြစ်စေပြီး ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခေါင်းကိုက်ခြင်းနဲ့ စိတ်ပိုင်းဆိုင်ရာ မူမမှန်တာကို ကုသရာမှာ အသုံးဝင်ပါတယ်။

သွေးသန့်စင်စေပြီး သွေးလှည့်ပတ်မှုကို မှန်ကန်စေခြင်းဖြင့် အာဟာရဓာတ်များကို ခန္ဓာကိုယ်အနှံ့ ဆဲလ်နဲ့ တစ်သျှူးတိုင်းကို ရောက်စေပါတယ်။

ခန္ဓာကိုယ် ခုခံနိုင်မှုစွမ်းအား မြင့်လာတဲ့အတွက် ရောဂါများကို ကာကွယ်နိုင်ပါတယ်။

နှာတာရှည်ချောင်းဆိုးရောဂါနဲ့ အသက်ရှူမဝတာ၊ မူမမှန်တာတို့ကိုလည်း သက်သာပျောက်ကင်းစေဖို့ ကူညီပေးပါတယ်။

သွေးဖိအားကို မှန်ကန်အောင် ထိန်းပေးနိုင်လို့ နှလုံးရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

နွားနို့နဲ့ဖျော်ပြီး သောက်သုံးပါက မှတ်ဉာဏ်နဲ့ဦးနှောက်စွမ်းရည်ကို တိုးတက်စေပါတယ်။ အသည်းနဲ့ ဝမ်းဗိုက်ကျန်းမာရေးကောင်းစေဖို့ ကူညီပေးပါတယ်။

အရိုးကျန်းမာရေးကောင်းစေရန် အကျိုးပြုပါတယ်။

အစေ့အမှုန့်အနှစ်ကို နှင်းရည်(Rose Water)နဲ့ဖျော်ပြီး မျက်နှာနဲ့ အရေပြားကို လိမ်းပေးရင် တောက်ပကြည်လင်လာစေပါတယ်။

ရောင်ရမ်းတာကို လျှော့စေပြီး ပိုးမွှားများကို ကာကွယ်ပေးနိုင်ကာ မျက်နှာပြင်မှ ဝက်ခြံ၊ အဖုအပိမ့်များထွက်ခြင်းကို သက်သာပျောက်ကင်းစေပါတယ်။

ဘုတလက်အနှစ်ကို ပျားရည်၊ သံပရာရည်တို့နဲ့ရောပြီးလိမ်းပေးရင် မျက်နှာပေါ်က အမည်းစက်များနဲ့ တင်းတိပ်များကို ပျောက်ကင်းစေပါတယ်။

ဘုတလက်စေ့က ညှင်း၊ တင်းတိပ်၊ ဝက်ခြံ၊ မှဲ့ခြောက်၊ ငါးမျက်စိ၊ အနာဖု၊ အနာကျိတ်တွေကို ပျောက်ကင်းပါတယ်။

ဘုတလက်စေ့ကို သွေးပြီးလိမ်းပေးပါ။ သို့မဟုတ် ဆန်ဆေးရည်နဲ့ သံပရာရည်တို့နှင့်သွေးပြီး လိမ်းပေးပါက ငါးမျက်စိဖုတွေကို ပျောက်ကင်းစေပါတယ်။

အနာဖု၊ အကျိတ်၊ မြစ်ပွားနာနဲ့ မည်သည့်အကျိတ်အဖုများကိုမဆို ဘုတလက်သီးကို ဆန်ဆေးရည်နဲ့သွေးပြီး တစ်နေ့လျှင် လေးငါးကြိမ်လိမ်းပေးပါက ပျောက်ကင်းစေပါတယ်။

ခံတွင်း၊ လည်ချောင်း၊ သားအိမ် အစရှိသဖြင့် ကိုယ်ခန္ဓာအတွင်း၌ ဖြစ်ပွားသော အနာများကို ဘုတလက်သီးကို ဆန်ဆေးရည်နဲ့သွေးသောက်ပါ။ (တစ်ခါသောက်လျှင် ကော်ဖီဇွန်းတစ်ဝက် တစ်နေ့သုံးကြိမ်သောက်ပေးပါ။)

ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ အနာဖေး၊ အနာစက် စတဲ့အနာတွေကိုလည်း သက်သာပျောက်ကင်းစေပါတယ်။



## ကျွဲခေါင်းသီး

ကျွဲခေါင်းသီးဟာ အာဟာရဓာတ်ကြွယ်ဝပြီး ကျန်းမာရေးအတွက်လည်း ကောင်းမွန်ပါတယ်။

ခန္ဓာကိုယ်ထဲက အဆိပ်အတောက်တွေကို ဖယ်ရှားပေးနိုင်စွမ်းရှိပါတယ်။

အမျှင်ဓာတ်ပါဝင်တဲ့အတွက် အစာခြေစနစ်ကို ကူညီပေးပါတယ်။

အဆီဓာတ်နည်းပါးပြီး ကာဗိုဟိုက်ဒရိတ်ပါဝင် မှုကြောင့် ဗိုက်ပြည့်စေကာ ကိုယ်အလေးချိန်လျှော့ချလိုသူတွေအတွက် သင့်တော်ပါတယ်။

**သတိပြုရန်**

ကျွဲခေါင်းသီးဟာ ရေကန်တွေထဲမှာ ပေါက်တာဖြစ်လို့ သန်ကောင်ဥတွေ ပါလာနိုင်ပါတယ်။ ဒါကြောင့် အစိမ်းစားတာထက် သေချာစင်ကြယ်အောင် ဆေးကြောပြီးမှ ကျက်အောင်ပြုတ်စားသင့်ပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

ကိုးကား - Tik Tok

## မူးယစ်ဆေးအန္တရာယ်နှင့် ရေချိုးရှားပါးမှုအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပ



**သရက် မေ ၂၇**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ သရက်မြို့၌ မူးယစ်ဆေးအန္တရာယ်နှင့် ရေချိုချွေတာသုံးစွဲရေးအကြောင်း အသိပညာပေးဟောပြောပွဲကို စံမှီ ဘော်ဒါရှိ ကျောင်းသား၊ ကျောင်းသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်း သိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက စာသင်ဆောင် ခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲတွင် သရက်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က "ဗလငါးတန်ဖွံ့ဖြိုးဖို့ မူးယစ်ဆေးကိုရှောင်ကြစို့" ခေါင်းစဉ်ဖြင့် လူငယ်များကို အသိပညာပေးဟောပြောရာတွင် အနာဂတ်နိုင်ငံတော်အတွက် ဦးဆောင်တာဝန်ယူကြရမည့် ယနေ့လူငယ်များအနေဖြင့် ဗလငါးတန်ဖွံ့ဖြိုးဖို့သည် အဓိကဖြစ်ပါကြောင်း၊ မိမိတို့ ပတ်ဝန်းကျင်မှာ ကြောက်စရာအကောင်းဆုံးလက်နက်တစ်ခုလို လူငယ်များ မူးယစ်ဆေးဝါးများကိုသုံးစွဲနေကြသည်မှာ အန္တရာယ်များပါကြောင်း၊ မသုံးစွဲလိုအပ်ပါကြောင်း ပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်ထက်နန္ဒာထွန်းက "ရေချွေတာသုံးစွဲရေးနှင့် အမျိုးသမီးများနဲ့ သဘာဝပတ်ဝန်းကျင်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောရာတွင် လူတို့သောက်သုံးရန် အသင့်တော်သော ပင်လယ်ရေများသည် ရေငန်များဖြစ်ပြီး သောက်သုံးနိုင်သော မြစ်ရေ၊ ချောင်းရေ၊ အဝီစိတွင်းရေများသည် ရေချိုများဖြစ်ကြောင်း၊ ရေကိုအကျိုးရှိစွာ စနစ်တကျ သုံးစွဲကြဖို့ လိုအပ်မှာဖြစ်ကြောင်း ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား "ရေချိုရှားပါးမှု" အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ အသိပညာပေး နံရံကပ်ဓာတ်ပုံ၊ ပိုစတာများပြသခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပွင့်ဖြူ မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၂၇ ရက် ၊ မွန်းလွဲ ၃ နာရီက ပွင့်ဖြူမြို့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မင်းဘူးခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဌေးက အဖွင့်အမှာစကားပြောကြားပြီး ပွင့်ဖြူမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်ဇင်က ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ကလေးငယ်များကာယ၊ ဉာဏ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ တစ်ကိုယ်ရေ ကျန်းမာသန့်ရှင်းရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မင်းဘူးခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဌေး၊ ပွင့်ဖြူမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်ဇင်နှင့် အဖွဲ့ဝင်များက ပွင့်ဖြူမြို့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ဆေးစိမ်ခြင်ထောင်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ ကြက်ဥနှင့် ငှက်ပျောသီး အာဟာရဖြည့်စွက်စာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀





## ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အကြိုအထိမ်းအမှတ် အသိပညာပေး Talk Show ကျင်းပ

**ချောက် မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အကြိုအထိမ်းအမှတ်အသိပညာပေး (Talk Show)ကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မျိုးသက်ဦးတို့က ဆွေးနွေးပြောကြားရာတွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်နှင့်ရည်ရွယ်ချက်၊ ဆေးလိပ်ဘာကြောင့် သုံးစွဲရခြင်းအကြောင်းအရင်းများ၊ ဆေးလိပ်ဖြတ်လျှင် ရရှိလာမည့် အကျိုးကျေးဇူးနှင့် ကောင်းကျိုးရရှိမှုများ၊ လူငယ်ကျောင်းသား၊ ကျောင်းသူများ ဆေးလိပ်မသောက်ရန်နှင့် သုံးစွဲခြင်းတို့မှ ရှောင်ကြဉ်ရမည့် နည်းလမ်းများ၊ ဆေးလိပ်ကင်းစင်သည့်ကျောင်းဖြစ်ရန် လုပ်ငန်းစဉ်တို့ကို အပြန်အလှန်မေးမြန်းဆွေးနွေးကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ကျော်မိုး(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယမုန်နာ

### မှတ်

\- \- \- \-

* နေထိုင်သွားလာ ဆင်ခြင်ပါ
ဘယာဝေးဖို့မှတ်။

* အစားအသောက်မှာ ချင့်ချိန်ရာ
ကျန်းမာစေဖို့မှတ်။

* စကားဆိုရာ သမ္မာပါ
လိမ္မာစေဖို့မှတ်။

* အမှုလုပ်ရာ ကောင်းကျိုးဖြာ
ကောင်းရာကံပြုမှတ်။

* စေတနာထား လွန်ရိုးသား
ကြိုးစားမည်သို့မှတ်။

* လောကအဝှမ်း စည်ပြိမ်းချမ်း
ကိန်းခန်းတန်ဖိုးမှတ် ။ ။

ရှင်ညြ(ယော)

## ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် မကူးစက်နိုင်သော ရောဂါများရှာဖွေကုသခြင်းများ ဆောင်ရွက်ခြင်း

**မန္တလေး မေ ၂၇**

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ မန္တလေးနှင့် ချမ်းအေးသာစံမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် မကူးစက်နိုင်သောရောဂါများ ရှာဖွေကုသခြင်းကို ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အိမ်တော်ရာဘုရားဝန်းအတွင်း၌ မေ ၂၅ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



ကျန်းမာရေး အသိပညာပေးဟောပြောရာတွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ ဒေါက်တာသီတာဝင်းက "မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့်ပတ်သက်သည့်အကြောင်းအရာများ၊ ဝမ်းပျက်ဝမ်းလျောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများနှင့်ပတ်သက်သည့်အကြောင်းအရာများကို" အသိပညာပေးဟောပြောခဲ့ပြီး မကူးစက်နိုင်သော ရောဂါများနှင့်ပတ်သက်၍ ရှာဖွေစစ်ဆေးပေးခြင်း၊ ရောဂါတွေ့ရှိပါက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ မန္တလေးမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစိုင်းဘုန်းမြင့်ကျော် ဦးဆောင်ကာ တာဝန်ရှိသူများက အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်၊ လူသုံးကုန်ဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်သော အကြောင်းအရာများအား အများပြည်သူများ သိရှိလိုက်နာကြစေရန် အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျန်းမာရေး အသိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးဗဟုသုတဆိုင်ရာမေးခွန်းများအား စစ်ဆေးဖြေဆိုခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်-၆)**

# ရွှေကျင် ရမည်းသင်းကျောင်းတိုက်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန် လှူဒါန်းနိုင်

**မန္တလေး မေ ၂၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ (မန္တလေးတောင်ခြေ အနောက်မြောက်ထောင့်)ရှိ ရွှေကျင်ရမည်း သင်းကျောင်းတိုက်ကြီးသည် မန္တလေးမြို့တည်၊ နန်းတည် မင်းတုန်းမင်းကြီးလက်ထက်က ရမည်းသင်းမိဖုရားကြီး ဆောက်လုပ်လှူဒါန်းခဲ့သော ရှေးဟောင်းသမိုင်းဝင် ဘုန်းကြီးကျောင်းဖြစ်သည်။

ယခုအခါ အဆိုပါ ကျောင်းတိုက်အတွင်းရှိ ပင်မကျောင်းတိုက်ကြီးသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားခဲ့သည်။ ထို့ကြောင့် ကျောင်းတိုက်ကြီးကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူရှင်များ လိုအပ်လျက်ရှိသည်။



လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ပျက်စီးယိုယွင်းသွားသည့် ကျောင်းတိုက်ကြီးကို ပြန်လည်ပြုပြင်လိုပါက ရွှေကျင်ရမည်းသင်းကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကရိယ ဖုန်း ၀၉-၄၄၁၀၀၃၅၃၇ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝဲပုံ) (၀၄၀)**



# ကျောင်းအပ်နံ့ပွဲနှင့် ဆွမ်းဆက်ကပ် လှူဒါန်း

**မန္တလေး မေ ၂၇**

ကျောင်းအပ်နှံပွဲနှင့် ဆွမ်းဆက်ကပ်ပွဲကို မေ ၂၅ ရက်က စောမွန်လှ ပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကျင်းပခဲ့သည်။

ကျောင်းအပ်နှံမှုကို နံနက် ၉ နာရီမှ စတင်လက်ခံခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကို စတုဒိသာ မုန့်ဟင်းခါးဖြင့် ကျွေးမွေးလှူဒါန်းခဲ့သည်။

နံနက် ၁၀ နာရီခွဲတွင် မွေးမိခင်ကြီး ဒေါ်အုန်းမြင့်အား ရည်စူး၍ ပဓာနနာယက ကျောင်းအုပ် နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင် ဆရာကြီး၊ ဆရာလေးများအား ကျန်ရစ်သူ မိသားစုများက နေ့ဆွမ်း ဆက်ကပ်ခဲ့ကြသည်။

အဆိုပါ စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးပညာသင်ရေး ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၈၀၀ ကျော်တို့ကို ဆရာ၊ ဆရာမ ၃၀ ဦးဖြင့် အခမဲ့ ပညာသင်ကြားပေးလျက်ရှိသည်။ နှစ်စဉ် ကျောင်းသားဦးရေများပြားလာသဖြင့် ယခု ၂၀၂၆-၂၀၂၇ ပညာရေးနှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ အထိ တိုးပွားလာပြီး နှစ်စဉ်လိုအပ်ချက်အရ ကျောင်းစာသင်ခုံများ၊ ပရိဘောဂများ၊ အဆောက်အအုံများလည်း တိုးချဲ့ခဲ့ရသည်။

ပညာပါရမီဖြည့်ဆွက်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ၊ ပညာရေးဆက်စပ်ပစ္စည်းများကို လှူဒါန်းလိုပါက ဖုန်း ၀၉-၂၀၃၂၂၄၇၊ ၀၉-၇၉၇၁၂၅၈၅၀ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (ကဆ)**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဖြူဟွာစိုက်လူမှုကူညီရေးအသင်းသို့ မေ ၂၅ ရက်က ရန်ကုန်မြို့နေ ကျောက်ကပ်လူနာများ ဆုံစည်းရာ Group[M.K.P.G)မိသားစုမှ ကျောက်ကပ်ဖောင်ဒေးရှင်းအတွက် ငွေကျပ် ငါးသိန်း၊ မန္တလေးမြို့နေ ဒေါ်မြရီ၏ (၇၅)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ကျန်းမာရေး ဆေးပဒေသာပင် ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ အသင်း၏ဒုတိယ ရုံးအဖွဲ့မှူး ဒေါ်မိမိမော်က လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်စဉ်။ (၀၇၀)



# ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်မှ အလှူရှင်များကိုယ်စား လှူဒါန်း

**မန္တလေး မေ ၂၇**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ပဓာန နာယက ဆရာတော်၊ နယ်စပ်တောင်တန်းဒေသနှင့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ဆရာတော် ဦးဆောင်သော အဖွဲ့သည် မန္တလေးတိုင်း၊ တောင်သာမြို့နယ် အခြေခံလူတန်းစားများအတွက် အဝတ်အထည် ၃၀၀၀ ကျော်နှင့် စောင်အထည် ၁၀၀ ကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ပရဟိတအသင်းမှ လှူဒါန်းနိုင်ရန် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက အသင်းအတွင်းရေးမှူး ဦးအောင်ကြည်ဦးအား ယမန်နေ့က လွှဲပြောင်းပေးအပ်သည်။

အလားတူ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီး၊ သဲဖြူကျေးရွာ ထေရဝါဒသာသနာပြုကျောင်းတွင် ကျင်းပသည့် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆုပေးနိုင်ရန်အတွက် ဗုဒ္ဓသာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး) ဒုဥက္ကဋ္ဌ ဒေါ်ခင်မြနှင့် သာသနာပြုအဖွဲ့က ငွေကျပ်သုံးသိန်းသုံးသောင်းကို ယမန်နေ့က ပေးလှူရာ သာသနာပြုကျောင်းဆရာတော် ဘဒ္ဒန္တအာလောက လက်ခံရယူသည်။ အလားတူ မကွေးတိုင်း မြို့သစ်မြို့နယ် ရွှေပန်းအုပ်စု ဗွက်ဆန်းကျေးရွာရှိ ကျောင်းဆောက်ရန်အတွက် အလှူငွေကျပ် သုံးသိန်းကို ယမန်နေ့က အလှူရှင်များကိုယ်စား ဥက္ကဋ္ဌဦးလှဝင်းက ပေးအပ်လှူဒါန်းရာ သာသနာပြုကျောင်း ဆရာတော်ဘဒ္ဒန္တသြဘာသက လက်ခံရယူခဲ့သည်။ သာသနာပြုလုပ်ငန်းများအတွက် လှူဒါန်းလိုပါက ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်ရုံး ဖုန်း ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၄၄၂၀၇၄၄-၆၆ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၉)**



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ကျောင်းသားဟောင်းများ ပထမအကြိမ် တွေ့ဆုံ

**မုံရွာ မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် သီတင်းသုံးတော်မူကြသော နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ကျောင်းသားဟောင်းများ ပထမအကြိမ် တွေ့ဆုံပွဲကို ယမန်နေ့ ညနေ ၄ နာရီက မုံရွာမြို့၊ မဟာလယ်တီကျောင်းတိုက်၊ မင်းကတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ဖွင့်လှစ်ပြီး ဘဒ္ဒန္တဥဇ္ဇောတက အစည်းအဝေးပင့်လျှောက်ရခြင်း အကြောင်း လျှောက်ထားသည်။ ထို့နောက် ကျောင်းသားဟောင်း မထေရ်ကြီး ဘဒ္ဒန္တခေမိန္ဒ (မမ္မပါရဂူ)က အဖွင့်သာရဇီယ ကထာကို မိန့်ကြားပြီး ကျောင်းသားဟောင်းဆရာတော်များက တစ်ပါးချင်း မိတ်ဆက်လျှောက်ထားကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) နှစ်(၄၀)ပြည့် ပုလဲရတုနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြပြီး ဆုံးဖြတ်ချက်ချတော်မူကြကာ အစည်းအဝေးဆုံးဖြတ်ချက်ကို ဖတ်ကြားလျှောက်ထား၍ သာဓုသုံးကြိမ်ခေါ်ဆိုကာ အတည်ပြုပေးတော်မူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၃၉၄)

၀-၀-၀-၀-၀-၀-၀

# မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ ပြုပြင်ရန် စေတနာရှင်များက ငွေများ လှူဒါန်း

**မန္တလေး မေ ၂၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အမြင့်ပေ ၇၇၆ ပေတွင် တည်ရှိပြီး တောင် ကိုးလုံး ခြံရံလျက်ရှိသော မန္တလေးတောင်တော်ကြီးကို သက္ကရာဇ်(၁၀၁) ခုနှစ်မှစတင်ပြီး ဆုတောင်းပြည့် စေတီတော်ကြီးနှင့် ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်များအား တည်ဆောက်ပြုလုပ်လှူဒါန်းကိုးကွယ်ခဲ့ကြသည်။



ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသော မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သိမ်၊တန်ဆောင်းပြာသာဒ်များအား ဂေါပကအဖွဲ့မှကြီးမှူး၍ ပြန်လည်ပြုပြင်လျက်ရှိရာ စေတနာရှင်များက ငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

မေ ၂၃ ရက် နံနက်ပိုင်းက ဆုတောင်းပြည့်ဘုရားရင်ပြင်တော်ဂုံး တစ်ဂုံး ပြုပြင်ရန် ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြားနေ ဦးချစ်ကိုကို+ဒေါ်ခင်ညွန့် (ရွှေမန်းခေါက်ဆွဲဆိုင်)မိသားစုက ငွေကျပ် ၁၂ သိန်းကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

မန္တလေးတောင်တော်ဘက်စုံ ပြုပြင်ရေးအတွက် လှူဒါန်းလိုပါက ဂေါပက အဖွဲ့ရုံး ဖုန်း ၀၉-၇၈၇၆၅၉၇၇၅၊ ၀၉-၄၄၁၀၃၈၈၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၄၅)**

## မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး) သက်ကြီးဆရာဝန်များအား တုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံပေး



မန္တလေး မေ ၂၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး) သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ အသက်(၈၀) နှစ်နှင့်အထက် သက်ကြီးဆရာဝန်ကြီးများအား တုပ်ကွေးရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်းကို မေ ၂၆ ရက် နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၃၁လမ်းနှင့် လမ်း ၇၀ထောင့်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမတွင် ကျင်းပခဲ့သည်။

သက်ကြီးဆရာဝန်ကြီးများအား တုပ်ကွေးရောဂါကာကွယ်ဆေး Flu Vaccine ထိုးနှံပေးရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး) သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့နာယကပါမောက္ခ ဒေါက်တာသန်းရင်မာ၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်ကြီး၊ အတွင်းရေးမှူး ဒေါက်တာအောင်မင်းနှင့် အမှုဆောင်များက ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး) သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ အသက်(၈၀)နှစ်အထက် သက်ကြီးဆရာဝန်ကြီးများအား ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် ပုဂ္ဂလိကဆေးရုံကြီးများတွင် Medical Checkup အခမဲ့ ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၄၅)

## စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းဆောင်ရွက်ပေး

**မန္တလေး မေ ၂၇**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်မီးသတ်ဦးစီးဌာနသို့ ယမန်နေ့ မွန်းလွဲ ၂ နာရီက ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စာအုပ်၊ စာစောင်များ ငှားရမ်းဆောင်ရွက်ပေးရာတွင် ယင်းရွှေ့လျားစာကြည့်တိုက်ယာဉ်တွင် သုတ၊ ရသ စာအုပ်ပေါင်း နှစ်ထောင်ကျော် ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့လဲလှယ်ပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ စာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

**စင်မင်းမောင်(ခရိုင်-ပြန်/ဆက်)**





## မြို့သစ်မြို့နယ်တွင် တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်

**မြို့သစ် မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ တောင်သူနည်းပညာပေးသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

ရေးဦးစွာ မကွေးခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့သစ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဉာဏ်မြင့်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းနည်းပြဆရာ၊ ဆရာမများက ဒေသတွင်းတောင်သူများအတွက် ရင်းနှီးငွေအနည်းငယ်ဖြင့် အိမ်တွင်းတစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်ဝင်ငွေရရှိစေသော မှိုစိုက်ပျိုးထုတ်လုပ်နည်းဆိုင်ရာ နည်းပညာများ၊ မျိုး၊ မြေ၊ ရေ၊ နည်းလမ်းဆိုင်ရာ စိုက်ပျိုးရေးနည်းပညာများအား သင်တန်းပို့ချခဲ့ရာ တက်ရောက်လာသည့်တောင်သူများက သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များနှင့် မင်းရပ်ကွက်၊ လယ်ပြင်ရပ်ကွက်၊ ယင်းနားကုန်းကျေးရွာ၊ မြေခြားကျေးရွာ၊ ရွှေပန်းပင်ကျေးရွာတို့မှ ဒေသခံတောင်သူ ၅၀ ဦး တက်ရောက်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**



## ကျောင်းအပ်နှံရေး ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၂၇**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်ကာလကို မေ ၂၅ ရက် နံနက်ပိုင်းမှ စတင်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပြီး ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးဆောင်ရွက်နေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက မေ ၂၆ ရက် နံနက်ပိုင်းက လိုက်လံကြည့်ရှုခဲ့ကြသည်။

"နိုင်ငံ့ အနာဂတ်လှပဖို့ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံကြပါစို့" ခေါင်းစဉ်နှင့်အညီ မိဘများအနေဖြင့် မိမိ၏သား၊သမီးများကို အသိပညာ ဗဟုသုတများ တိုးပွားစေရန်၊ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်စေရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် ကျောင်းနေအရွယ်ကလေးများကို မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးလှုပ်ရှားမှုများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျောင်းအပ်နှံရေးဆောင်ရွက်နေမှုများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်ငွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်လေးဖြူ၊ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်တို့က လိုက်လံကြည့်ရှုခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ခဲ့သည်။

(အပေါ်ပုံ)

**ချမ်းမြေ့မောင်(ချမ်းစံ-ပြန်/ဆက်)**

## ကျွန်းလှမြို့နယ်တွင် မိုးစပါး ဧက ၃၃၀၀၀ ကျော် စိုက်ပျိုးမည်

**ကျွန်းလှ မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် စပါးအပြင် သီးနှံမျိုးစုံ စိုက်ပျိုးကြရာ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၃၃၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးရာသီ မိုးစပါးစိုက်ပျိုးဖို့ ၃၃၂၇၅ ဧကလျာထားပါတယ်။ တောင်သူတွေ မိုးစပါးစိုက်ပျိုးရာမှာ ပေါင်ပျိုးစနစ်၊ ရိုးရိုးပျိုးထောင်စနစ်၊ မျိုးစေ့တိုက်ရိုက်ချစနစ်တို့နဲ့ စိုက်ပျိုးကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မိုးစပါးစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ပညာပေးခြင်း၊ သဘာဝမြေသြဇာနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးနည်းများ အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ဧရာမင်း၊ မနောသုခ၊ ဆင်းသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေ၊ အောင်နိုင်တိုး စပါးမျိုးများ စိုက်ပျိုးကြကြောင်း သိရသည်။

(အောက်ပုံ)

**မျိုးဝင်းညို(ကျွန်းလှ)**



---

အောင်လံမြို့နယ်အတွင်းရှိ FSC လက်မှတ်လျှောက်ထားသော ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် မီးသတ်ဦးစီးဌာန၏ အကြံပြုချက်များအား တိကျစွာ လိုက်နာခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အတွင်း ဆောင်ရွက်ခဲ့ကြရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး ဦးစီး၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာတပ်ဖွဲ့ဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်ချက်များ အကြံပြုဆွေးနွေးခဲ့ကြစဉ်။

(မန္တလေးနေ့စဉ်-၃)



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၉)၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်နုနုစံ အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်မာချို(ဘ)ဦးအုန်းကျော်(၉/မခန(နိုင်)၀၀၂၀၂၇)မှ ဝယ်ယူသူသို့ လွှဲပြောင်းရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးချစ်စန်းမောင် (LL.B) ဒေါ်မွန်မွန်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**နန်းမတော်လမ်း၊ လေးစုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၁၁၁၅၅၆၀၊ ၀၉–၂၅၉၀၈၈၆၅၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၄၄၀)၊ ဧရိယာ(၀ ဒသမ ၁၀)ဧက ဦးအုံးသောင်နှင့် ဒေါ်ကြူကြူ အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ဧရိယာ ပေ(၃၀×၅၅) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အအုံ၊ ရေ+မီးမီတာ(၁)လုံး+ပါဝါမီတာ(၁)လုံး အပါအဝင် ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူ ဒေါ်ကြူကြူ(ဘ)ဦးချစ်အောင်(၉/အမရ(နိုင်)၀၁၀၀၅၉)မှ ဝယ်ယူသူသို့ လွှဲပြောင်းရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တောင်ဘက်ခြမ်းဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးချစ်စန်းမောင် (LL.B) ဒေါ်မွန်မွန်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**နန်းမတော်လမ်း၊ လေးစုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၁၁၁၅၅၆၀၊ ၀၉–၂၅၉၀၈၈၆၅၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၉)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်လှဲလှဲမော် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိုင်းဆေပန်ဖ(ဘ)ဦးစိုင်းမြင့်ဖေ(၁၃/လခန(နိုင်)၀၂၅၄၁၉)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ အပြေအကြေ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးကျော်ကျော်သိန်း (LL.B , DL.101 IP Law)**
**တရားလွှတ်တော်ရှေ့နေ**
**(ဃ–၃ /၅၈)၊ ၆၃(အေ)လမ်း၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့ ။ ဖုန်း ၀၉–၅၁၁၄၇၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၃၃)၊ ဦးပိုင်နံပါတ်(၇၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးသိန်းကိုနှင့် ဒေါ်ငွေး(ခ)ဒေါ်စန်းစန်းငွေးတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်းလှိုင်(ဘ)ဦးချစ်ထွေး(၉/မရတ(နိုင်)၁၁၉၉၂၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၀)၊ ဦးပိုင်နံပါတ်(၂၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁) ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်နိုင်နိုင်လင်း အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သီတာပိုင်(ဘ)ဦးစံပိုင်(၉/မနမ(နိုင်)၁၂၀၇၁၁) [၎င်း၏ကိုယ်စား ညီမဖြစ်သူ ဒေါ်စုစုပိုင်(ဘ)ဦးစံပိုင်(၉/မနမ(နိုင်)၁၂၁၅၇၃)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၇၉)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးစိုးလွင်(ဘ)ဦးချစ်ကျော်(၉/မနတ(နိုင်)၀၆၃၄၂၄) အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ (၂)ထပ် အဆောက်အအုံ၊ (ရေ+မီး) အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးလှဆွေ(ဘ)ဦးဆန်းတင်(၈/ရစက(နိုင်)၁၃၃၇၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် သတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသီရိထွဋ်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၆၆၂ / ၁၁–၇–၂၀၁၉)**
**အမှတ်(၇၄–က)၊ ၃၃လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၅၀၆၂၉**

**သင့် ဈေးဖြင့်**
**အသက်**
**ကယ်ပါ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၀)၊ ဦးပိုင်အမှတ်(၄၈-ခ)၊ မြေဧရိယာ ပေ(၃၀×၄၅) အကျယ်အဝန်းရှိ ဦးလှမြိုင်(ဘ)ဦးဘမြင့် အမည်ဖြင့် ချထားရရှိသော မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ပေ(၁၅×၄၅) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူ ဦးနေလင်းထွန်း(ဘ)ဦးစိုးဝင်း(၉/တသန(နိုင်)၁၅၆၉၂၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါ၍ စရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာ ရုံးအသီးသီး၌ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်ကျော်လွန်ပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ရတနာလှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**အကွက်(၈၅၂)၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၄၃၀၆၇၆၇၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၆)၊ ဦးပိုင်နံပါတ်(၅၇-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၀၃)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်မြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမိုးအောင်ကျော်(ဘ)ဦးမောင်မောင်(၉/မထလ(ဧည့်)၀၀၀၀၉၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

❖ နိုင်ငံတော် ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ ဖိတ်ခေါ်ခြင်း

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူများ လေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းဥပဒေကြမ်းအား တတိယအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများတွင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အကြံပြုချက်များပေးပို့လိုပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ လိပ်မူပေးပို့နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည် -

| | | |
|---|---|---|
| (၁) ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး<br>နေပြည်တော် | (၂) ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့လွှတ်တော်ရုံး<br>နေပြည်တော် | (၃) ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားလွှတ်တော်ရုံး<br>နေပြည်တော် |

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၂၇

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ဒေသတစ်ဝိုက်၌ နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏နေ့စဉ်လူမှုစီးပွားဘဝများတွင် စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် စာမျက်နှာ ၅ သို့ ❁



ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

## မြန်မာ့ဘောလုံးဒိုင်ကဏ္ဍ အဆင့်အတန်းမြှင့်တင်ရေးလုပ်ငန်းစဉ်များ ချမှတ်ရန် MFF ဒိုင်ကော်မတီအစည်းအဝေး(၁/၂၀၂၆)ကျင်းပ

**ရန်ကုန် မေ ၂၇**

မြန်မာ့ဘောလုံးအားကစားကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် ဒိုင်လူကြီးများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည် အဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) ဒိုင်ကော်မတီ၏ ၂၀၂၆ ခုနှစ်အတွက် ပထမအကြိမ် အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်က ဦးဆောင်ဆွေးနွေးခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်သိန်းသိန်းအေး၊ ကော်မတီအဖွဲ့ဝင် ဦးထွန်းလှအောင်၊ ကော်မတီအဖွဲ့ဝင် (ရန်ကုန်) ဦးခင်မောင်ဝင်းနှင့် ကော်မတီအဖွဲ့ဝင်(မန္တလေး) ဦးချမ်းငြိမ်းအောင်တို့ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် ဒိုင်ဌာနတာဝန်ခံ ဦးလှမင်းတို့လည်း အစည်းအဝေးသို့ တက်ရောက်ကာ ဒိုင်ကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒိုင်လူကြီးများ၏ စည်းမျဉ်းစည်းကမ်းနှင့် ဆုံးဖြတ်ချက်ပိုင်းဆိုင်ရာ တိကျမှန်ကန်မှုရှိစေရေး လုပ်ငန်းစဉ်များကို အသီးသီးအကြံပြုဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ၂၀၂၆ ခုနှစ်အတွင်း ကျင်းပမည့် ပြည်တွင်း၊ ပြည်ပ ဘောလုံးပြိုင်ပွဲများတွင် ဒိုင်လူကြီးများ တာဝန်ယူဆောင်ရွက်ရမည့်အစီအစဉ်များ၊ ဒိုင်သင်တန်းများ တိုးမြှင့်ဖွင့်လှစ်သွားမည့် ကိစ္စရပ်များနှင့် မြန်မာ့ဘောလုံးလောက အဆင့်အတန်းမြင့်မားလာစေရေးအတွက် ဒိုင်ကဏ္ဍမှ အဓိကမောင်းနှင်အားအဖြစ် မည်သို့ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည့် အနာဂတ်လုပ်ငန်းစဉ်များကို အသေးစိတ်ညှိနှိုင်းတိုင်ပင်ပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(NGB)**





## AYA Tri-Nation Cup ပြိုင်ပွဲတွင် ဝင်းသိင်္ဂီထွန်း ကျန်းမာရေးအခြေအနေကြောင့် ပါဝင်နိုင်မည်မဟုတ်

**ရန်ကုန် မေ ၂၇**

လာမည့် ဇွန်လ ၃ ရက်တွင် စတင်ကျင်းပတော့မည့် AYA Tri-Nation Cup 2026 ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အဓိကတိုက်စစ်မှူးဖြစ်သူ ဝင်းသိင်္ဂီထွန်းမှာ ကျန်းမာရေးအခြေအနေကြောင့် ပါဝင်ကစားနိုင်ဦးမည်မဟုတ်ကြောင်း သိရသည်။

ဝင်းသိင်္ဂီထွန်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ ပဏာမလူစာရင်းတွင် ရွေးချယ်ခံထားရသော်လည်း လတ်တလောကြုံတွေ့နေရသည့် ကျန်းမာရေးအခြေအနေကြောင့် အသင်းနှင့်အတူ ပူးပေါင်းနိုင်ခြင်းမရှိဘဲ အနားယူနေရခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းဆရာဝန်၏ ပြောကြားချက်အရ တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် ဒဏ်ရာကြောင့်မဟုတ်ဘဲ ကျန်းမာရေးကိစ္စကြောင့် အသေးစားခွဲစိတ်မှုတစ်ခု ခံယူထားရခြင်းဖြစ်ပြီး ခွဲစိတ်မှုအပြီး ပြန်လည်သက်သာလာစေရန်အတွက် တစ်လခွဲခန့် သီးသန့်အနားယူရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် AYA Tri-Nation Cup ပြိုင်ပွဲအဖြစ် ဇွန် ၃ ရက်တွင် ဥဇဘက်ကစ္စတန်အသင်း၊ ဇွန် ၉ ရက်တွင် ထိုင်းအသင်းတို့နှင့် ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်း၌ ညနေ ၅ နာရီတွင် အသီးသီးယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

**နိုင်ကမ္ဘာ**

၀-၀-၀-၀